# သမ္မာကျမ်းစာမှ မေးခွန်းပုစ္ဆာများ

# ဓမ္မသစ်ကျမ်း နောက်ခံသမိုင်းပုံပြင်များ

Beginners (Level I)
Book 3 of 3


by **Rev C. Hanko**
edited by **J.J. Lim**
with invaluable contributions by **Ps. David Higgs**



January 2011 edition



Copyright © Gratia Dei Sola Media

**သမ္မာကျမ်းစာမှ မေးခွန်းပုစ္ဆာများ-ဓမ္မသစ်ကျမ်းနောက်ခံသမိုင်းပုံပြင်များ**

**(Beginners - Book 3/3)**

by Rev C. Hanko
edited by J.J. Lim
with invaluable contributions by Ps David Higgs

Original version by Rev C. Hanko is property of the Protestant Reformed Churches of America
J.J. Lim edited version © 2011 by Pilgrim Covenant Church.
Myanmar language version © Gratia Dei Sola Media
Blk 203B, Henderson Road, #07-07, Singapore 159546.
Website: www.gdsmedia.org
Email: gdsmedia.sg@gmail.com
All rights reserved

မြန်မာဘာသာပြန်ဆိုသူ
ဇမ်လမ့်ထန် (ခ)ဒေးဗစ်
စာတိုက်သေတ္တာ ၁၀၅၇
ဗဟိုစာတိုက်ကြီး၊ ရန်ကုန်။

**အသင်းတော်အတွင်း ဖြန့်ဝေရန်သာ ထုတ်ဝေသည်။**

# နိဒါန်း

ဤစာအုပ်သည် ကလေးများအတွက် ကျမ်းစာမေးခွန်းပုစ္ဆာအတွဲသုံးအုပ်မှ တတိယမြောက် စာအုပ်ဖြစ်သည်။ ၎င်းထဲတွင် ခြောက်နှစ်မှရှစ်နှစ်အရွယ်ကလေးများအတွက် ကျမ်းစာပုံပြင်များကိုတင်ပြထားသည်။ ပထမနှင့်ဒုတိယစာအုပ်များထဲတွင် ဓမ္မဟောင်းနောက်ခံသမိုင်းများအကြောင်းတင်ပြထားပြီး ယခုဤစာအုပ်ထဲတွင် ဓမ္မသစ်နောက်ခံသမိုင်းအကြောင်းများတင်ပြထားသည်။

သင်ခန်းစာတစ်ခုစီတိုင်းတွင် သမိုင်းဖြစ်ပျက်သောဖြစ်ရပ်မှန်များအချို့ကိုသာ တင်ပြထားပြီး၊ အဖြစ်အပျက်များအားလုံးပြည့်စုံစွာ မတင်ပြထားပေ။ တတ်နိုင်သရွေ့ သင်ခန်းစာအဆုံးတွင် သမိုင်းအလျောက် ဖြစ်ပျက်ခဲ့သောဖြစ်ရပ်မှန်များ၏အဓိကအရေးပါသောအချက်ကိုသာ တင်ပြထားပါသည်။ သင်ကြားပို့ချမည့်ဆရာ/မများအနေဖြင့် သင်ကြားပေးသောအခါ မည်သို့သောအချက်အလက်များထည့်သွင်းပို့ချရမည်ကို ကြိုတင်ဆုံးဖြတ်ရပေမည်။

"Suffer Little Children" တွင် Mrs Gertrude Hoeksema ကအသုံးပြုသည့်နည်းတူ စာသင်ကျောင်း၌ဖြစ်စေနှင့် ကျမ်းစာမေးခွန်းများသင်ကြားပေးခြင်းများ၌အသွင်သဏ္ဍာန် ညီညွတ်မှုရှိနိုင်ရန်အတွက် စာအုပ်များကို လမ်းညွှန်ပေးသောစာအုပ်တွဲအနေဖြင့်စနစ်တကျထုတ်ဝေထားခြင်းဖြစ်သည်။

ယခုထုတ်ဝေသောစာအုပ်သည် တည်းဖြတ်ထားသောစာအုပ်ဖြစ်ပြီး၊ ၎င်းထဲတွင် ဖော်ပြထားသော အမေးအဖြေများသည် ယခင် ထက်ပို၍ရှည်လျားပါသည်။ ပို၍ငယ်ရွယ်သောကလေးများသည် တတ်နိုင်သရွေ့ သင်ခန်းစာများကို သင်ယူရန်နှင့် ပို၍ကြီးသောကလေးများက သင်ခန်းစာတစ်ခုလုံးကို သင်ယူရန်အကြံပြုချင်ပါသည်။

ကြီးမြတ်သောကျွန်ုပ်တို့၏ပဋိညာဉ်ဘုရားသခင်သည် သားသမီးများအားသမ္မာကျမ်းစာ လမ်းညွှန်မှုနှင့် ဝိညာဉ်ရေးရာတိုးတက်စေရန်အတွက် ဤစာအုပ်များကို အသုံးပြုပါစေ။ ကျွန်ုပ်တို့၏မျှော်လင့်ချက်သည် ဘုရားသခင်ထံမှဖြစ်ပြီး၊ ကျွန်ုပ်တို့၏အသက်တာအားဖြင့် ဘုရားသခင်၏ ဘုန်းနာမတော်ထင်ရှားဖို့ရန် ဖြစ်သည်။

*Rev. C. Hanko*

အသင်းတော်တွင် လူငယ်များအား မေးခွန်းပုစ္ဆာများအားဖြင့် သွန်သင်ခြင်းသည် ရှေးကနဦးကာလမှစ၍အသုံးပြုခဲ့ပြီး၊ ယနေ့ထိတိုင်အသုံးပြုနေဆဲ နည်းစနစ်လည်းဖြစ်သည်။ ဤမေးခွန်း ပုစ္ဆာများစာအုပ်၏ ရည်ရွယ်ချက်သည် ကလေးငယ်များအား ကျမ်းစာအချက်အလက်များနှင့် သမိုင်းအကြောင်းများကို အခြေခံမှသိရှိရန်အတွက်ဖြစ်သည်။ WSC ၌ဖော်ပြထားကဲ့သို့ ခံယူချက်နှင့်ဆိုင်သောအမေးအဖြေများအတွက် အခြေခံမှပြောင်မြောက်စွာဖော်ပြထားသည်။

ယခုထုတ်ဝေသော သမ္မာကျမ်းစာမေးခွန်းပုစ္ဆာများ (ဖေဖော်ဝါရီလ ၂၀၁၁ စာတည်းဖြတ်ခြင်း) သည် ထပ်မံဖြည့်စွက်သော အချက်များနှင့် အယ်ဒီတာများရရှိသောစာမူများအမှားပြုပြင်ကာထုတ်ဝေထားခြင်းဖြစ်သည်။ ထို့ပြင် သင်းအုပ်ဆရာ ဒေးဗစ်ဟစ်(ချ်)က စာမူများမှန်/မမှန်ဖတ်ရှုပေးကာ အကြံပေးခဲ့သည်။ မေးခွန်းနှင့်အဖြေများကို ကလေးငယ်များအလွတ်ကျက်သောအခါ ပို၍လွယ်ကူနိုင်ရန် (မိဘများထံမှအကြံပေးချက်အရ) စိစစ်တည်းဖြတ်ထားသည်။ အုပ်ထိန်းသူမိဘများ နှင့် ဆရာများအတွက် ပို၍လွယ်ကူရန် ကျမ်းပိုဒ်များကို ထည့်သွင်းပေးထားသည်။ ၎င်းသည် သင်းအုပ်ဆရာ ဟစ်(ချ်) စီစဉ်ထည့်သွင်းပေးထားခြင်းဖြစ်သည်။

ဤစာအုပ်ငယ်ထဲတွင် မေးခွန်းနှင့်အဖြေများခွန်တွဲထားသည်။ ကလေးငယ်များသည် မေးခွန်းပုစ္ဆာများအားအလေးထားလေ့ကျင့်ရန်နှင့် အပတ်တိုင်းတွင် အလွတ်ကျက်ရန်ပေးထားသော မေးခွန်း ဆယ်ခုများကို အလွတ်ကျက်ရာတွင်ကူညီရန် အုပ်ထိန်းသူမိဘများကို တိုက်တွန်းပါသည်။ ဥပုသ်နေ့၌သင်ကြားပေးသော ဆရာ/မများအတွက် ထပ်မံဖြည့်စွက်သော သင်ခန်းစာများသာသင်ကြားပေးရန် မိဘများ (အထူးသဖြင့် ဖခင်များ)သည် ကလေးငယ်များအတန်းထဲသို့မလာမီ မိမိကလေးငယ်များအား သင့်လျော်သောနည်းလမ်းဖြင့် သင်ခန်းစာများသင်ကြားပေးရန် တိုက်တွန်းလိုပါသည်။ သင်ကြား ပေးသောဆရာများသည် ထပ်မံဖြည့်စွက်ထားသော သင်ခန်းစာနှင့် ကလေးငယ်များအား သင်ခန်းစာများအာ လွတ်ကျက်/မကျက် စစ်ဆေးရန်သာ လိုအပ်မည်ဖြစ်သည်။

ဘုရားသခင်၏နည်းလမ်းအားဖြင့် ကျွန်ုပ်တို့ကလေးငယ်များညွှန်ကြားနိုင်ရန် ကျွန်ုပ်တို့၏အနည်းငယ်သော ကြိုးပမ်းမှုအပေါ် ဘုရားသခင် ကောင်းကြီးချပေးပါစေသော။

*Ps J.J Lim*

Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၁)
# ဗတ္တိဇံ ယောဟန်အကြောင်း
*လုကာ ၁*

၁။ ကောင်းကင်တမန် ဂါဗြေလသည် မည်သူ့ဆီသို့ ပေါ်ထွန်းခဲ့သနည်း။
ကောင်းကင်တမန် ဂါဗြေလသည် ဗိမာန်တော်တွင်ရှိသော ဇာခရိဆီသို့ ပေါ်ထွန်းခဲ့သည်။(လုကာ ၁း၅၊ ၈–၁၁)
၂။ ကောင်းကင်တမန်သည် ဇာခရိဆီသို့ မည်သည့်အရာကို ဖွင့်ပြောခဲ့သနည်း။
ဇာခရိသည် သားယောကျ်ားတစ်ယောက်ဖွါးမြင်လိမ့်မည်ဟု ပြောခဲ့သည်၊(လုကာ ၁း၁၃)
၃။ သူ့သားကို မည်သည့်နာမည်ပေးရန် ဇာခရိကို မိန့်မှာခဲ့သနည်း။
ယောဟန်ဟု အမည်ပေးရန် ဇာခရိကို မိန့်မှာခဲ့သည်။(လုကာ ၁း၁၃)
၄။ ဇာခရိက အဘယ်ကြောင့်ကောင်းကင်တမန်ပြောသောစကားကို မယုံကြည်ခဲ့သနည်း။
သူနှင့်ဧလိရှဗက်တို့သည် အလွန်အိုမင်းခဲ့ကြသောကြောင့်ဖြစ်သည်။ (လုကာ ၁း၇၊ ၁၈)
၅။ ဇာခရိက ကောင်းကင်တမန်ပြောသောစကားကို မယုံခဲ့သောကြောင့် ဒဏ်ခတ်ခြင်းကို မည်သို့ခံခဲ့ရသနည်း။
သူသည် ယောဟန်ဖွါးမြင်သည်အထိတိုင် နှုတ်အလျက် နားမကြားခြင်းအားဖြင့် ဒဏ်ခတ်ခြင်းကို ခံခဲ့ရသည်။(လုကာ ၁း၁၉–၂၀)
၆။ ဤကြီးမားသော ပြစ်ဒဏ်ကို အဘယ်ကြောင့် ဇာခရိအပေါ်သက်ရောက်ခဲ့ရသနည်း။
သူသည် ကောင်းကင်တမန်ယူဆောင်လာသော သတင်းစကားများမပြောနိုင်ရန်အတွက်ဖြစ်သည်။ (လုကာ ၁း၂၂၊ ၆၃၊ ၆၇)
၇။ ဇာခရိသည် စကားပြန်ပြောနိုင်သောအခါ သူသည်မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
သူသည် ဘုရားသခင်ချပေးသော မြင့်မြတ်သောသားအတွက် ဘုရားသခင်ကို ချီးမွမ်းခဲ့သည်။ (လုကာ ၁း၆၄)
၈။ ဗတ္တိဇံယောဟန်သည် အဘယ်ကြောင့်အလွန်အရေးပါသနည်း။
သူသည် ကြွလာမည့်ကယ်တင်ရှင်သွားရာလမ်းကို ပြင်ဆင်ပေးမည့်သူဖြစ်သောကြောင့်ဖြစ်သည်။ (လုကာ ၁း၇၆)
၉။ ယောဟန်သည် လမ်းခရီးတော်ကို မည်သို့ပြင်ဆင်ပေးခဲ့သနည်း။
သူက လူတွေအား နောင်တရရန်နှင့် ကတိတော်နှင့်ဆိုင်သော ကယ်တင်ရှင်ကို မျှော်လင့်ရန် ပြောခဲ့သည်။ (လုကာ ၁း၇၇–၇၉၊ မဿဲ ၃း၁–၃)
၁၀။ယောဟန်ကို အဘယ်ကြောင့် ''ဗတ္တိဇံ'' ဟုခေါ်သနည်း။
သူကနောင်တရသောသူများနှင့် လာမည့်ကယ်တင်ရှင်ကို ယုံကြည်သောသူများအား နှစ်ခြင်းပေးသောကြောင့် ဖြစ်သည်။(မာကု ၁း၂–၄)

*ရွှေကျမ်းချက်။ ။ ''ကြည့်ရှုလော့။ ငါသွားရာလမ်းကို ပြင်ရသော ငါ၏တမန်ကို ငါစေလွှတ်မည်။'' (မာလ ၃း၁)*



## သင်ခန်းစာ (၂)
# ယေရှုဖွါးမြင်ခြင်းသတင်းကြေးကြော်
*လုကာ ၁*

၁။ သင်၏ကယ်တင်ရှင်သည် မည်သူဖြစ်သနည်း။
''ယေဟောဝါဘုရားကယ်တင်သည်''ဟုအဓိပ္ပါယ်ရသော သခင်ယေရှုဖြစ်သည်။ (လုကာ ၁ း၃၁ cf မဿဲ ၁း၂၁)
၂။ ''ယေဟောဝါဘုရားကယ်တင်သည်''ဟုအဓိပ္ပါယ်ရသော ယေရှုဟုအဘယ်ကြောင့်ခေါ်သနည်း။
သူသည် မိမိလူများကို အပြစ်မှ ကယ်ချွတ်မည့်သူဖြစ်သောကြောင့်ဖြစ်သည်။(မဿဲ ၁း၂၁)
၃။ သခင်ယေရှုဖွါးမြင်ခြင်းအကြောင်းပြောရန် မည်သူ့ကို စေလွှတ်ခဲ့သနည်း။
ကောင်းကင်တမန် ဂါဗြေလကို ကောင်းကင်မှ စေလွှတ်ခဲ့သည်။ (လုကာ ၁း၂၆)
၄။ ဂါဗြေလကို မည်သူ့ထံသို့ စေလွှတ်ခဲ့သနည်း။
မြင့်မြတ်၍ဒါဝိဒ်မင်းကြီးမျိုးနွယ်ဖြစ်သော မာရိထံသို့ ဂါဗြေလကို စေလွှတ်ခဲ့သည်။(လုကာ ၁း၂၇)
၅။ ကောင်းကင်တမန် ဂါဗြေလက မာရိထံ မည်သည့်အကြောင်းအရာကို ပြောခဲ့သနည်း။
သူမသည် သခင်ယေရှု၏မယ်တော်ဖြစ်လိမ့်မည်ဟု ပြောခဲ့သည်။ (လုကာ ၁း၃၁)
၆။ ဂါဗြေလက မာရိထံသို့ သခင်ယေရှုအကြောင်းကို မည်သို့ပြောခဲ့သနည်း။
သူသည် ဘုရားသခင်၏သားတော်ဖြစ်လိမ့်မည် ဟုပြောခဲ့သည်။ (လုကာ ၁း၃၂)
၇။ မာရိသည် ဧလိရှဗက်ဆီသို့အဘယ်ကြောင့် သွားရောက်ခဲ့သနည်း။
အကြောင်းမှာ ဧလိရှဗက်သည် သားယောကျ်ားကို ဖွါးမြင်လိမ့်မည်ဟု အာဗြေလက ပြောခဲ့သောကြောင့်ဖြစ်သည်။ (လုကာ ၁း၃၆–၄၀)
၈။ ဧလိရှဗက်သည် မာရိ၏နှုတ်ဆက်ခြင်းစကားကို ကြားသောအခါ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သူငယ်သည် သူ၏အမိဝမ်းထဲတွင် ရွှင်မြူးသောစိတ်နှင့်ကခုန်သည်။(လုကာ ၁း၄၁၊ ၄၄)
၉။ မာရိသည် ဧလိရှဗက်ဆီသို့ မည်မျှကြာနေခဲ့သနည်း။
မာရိသည်ယောဟန်ဖွါးမြင်သည့်အထိ ဧလိရှဗက်ထံမှာသုံးလခန့် ကြာနေခဲ့သည်။ (လုကာ ၁း၅၆)
၁၀။ ဧလိရှဗက်သည် ကယ်တင်ရှင်ကြွလာမည်ကြားသောအခါမည်သည့်အရာလုပ်ဆောင်ခဲ့သနည်း။
သူမသည် ဘုရားသခင်ပြုသော သူ၏အံ့ဩဖွယ်အမှုများအတွက် ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းခဲ့သည်။ (လုကာ ၁း၄၂–၅၅)

*ရွှေကျမ်းချက်။ ။ ''အမြင့်ဆုံးသော ဘုရား၏တန်ခိုးအာနုဘော်တော်သည် သင့်ကိုလွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့် ထိုသန့်ရှင်းသောသားသည်လည်း ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ် သမုတ်ခြင်းကို ခံရလိမ့်မည်။'' (လုကာ ၁း၃၅)*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၃)
# ယေရှုဖွါးမြင်ခြင်း
*လုကာ ၂*

၁။ ယေရှုဖွါးမြင်သောအခါ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ကဲသာဘုရင်ဩဂုတ္တုသည် မိမိတိုင်းပြည်တွင်နေထိုင်သောသူများ၏စာရင်းကောက်ယူရန် အမိန့်ချမှတ်ခဲ့သည်။ (လုကာ ၂း၁–၂)

၂။ ဘုရားသခင်သည် အဘယ်ကြောင့်ဤအမိန့်ကို ထုတ်ပြန်စေခဲ့သနည်း။
ဘုရားသခင်သည် ယေရှုကို ဗက်လင်မြို့၌ဖွါးမြင်စေလိုသောကြောင့်ဖြစ်သည်။(လုကာ ၂း၃–၆)

၃။ ဘုရားသခင်သည် အဘယ်ကြောင့်ယေရှုအား ဗက်လင်မြို့၌ ဖွါးမြင်ရန် အလိုတော်ရှိခဲ့သနည်း။
ယေရှုသည် မြင့်မြတ်သောဒါဝိဒ်၏အမျိုးအနွယ်ဖြစ်ခြင်းကို ထင်ရှားစေလိုသောကြောင့် ဖြစ်သည်။ (လုကာ ၂း၁၁ cf မဿဲ ၁း၆၊ ၁၆–၁၇)

၄။ ယေရှုသည် အဘယ်ကြောင့်နွားစားခွက်ထဲ၌ဖွါးမြင်ခြင်းကို ခံခဲ့သနည်း။
တည်းခိုခန်းတွင် လူပြည့်သောကြောင့်ဖြစ်သည်။(လုကာ ၂း၇)

၅။ ယေရှုနွားစားခွက်ထဲတွင်ဖွါးမြင်ခြင်းသည် ကျွန်ုပ်တို့အား မည်သည့်အရာကို ပြသခဲ့သနည်း။
သူသည် ကျွန်ုပ်တို့အားကြွယ်ဝချမ်းသာစေလိုသောကြောင် ဆင်းရဲခံခြင်းဖြစ်သည်။ (လုကာ ၂း၇၊ cf ဖိလိပ္ပိ၊ ၂း၆–၇၊ ၂ကော ၈း၉)

၆။ ဘုရားသခင်သည် ယေရှုဖွါးမြင်ခြင်းအကြောင်းကိုကြွေးကြော်ရန် ကောင်းကင်တမန်တစ်ပါးကို မည်သူ့ထံစေလွှတ်ခဲ့သနည်း။
ညအချိန်တွင်သိုးများကို စောင့်ထိန်းသောသိုးထိန်းများထံသို့ စေလွှတ်ခဲ့သည်။(လုကာ ၂း၈–၁၀)

၇။ ကောင်းကင်တမန်က သိုးထိန်းများအား မည်သည့်အရာကို ပြောခဲ့သနည်း။
‘‘ယနေ့တွင်ဒါဝိဒ်မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အဖို့အလိုငှါဘွားမြင်ခြင်းကို ခံတော်မူပြီ’’ ဟုပြောခဲ့သည်။ (လုကာ ၂း၁၁)

၈။ ကောင်းကင်ဗိုလ်ခြေအများတို့သည် မည်သည့်အရာကိုကြွေးကြော်ခဲ့ကြသနည်း။
‘‘ကောင်းကင်ဘဝဂ်ဝယ်ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း။ မြေကြီးပေါ်၌လည်းငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အားမေတ္တာကရုဏာရှိစေသတည်း’’ဟုကြွေးကြော်ခဲ့သည်။ (လုကာ ၂း၁၄)

၉။ အခြားမည်သူတွေက ယေရှုမွေးဖွါးခြင်းကို သိခဲ့ကြသနည်း။
အရှေ့ပြည်၌ထွန်းတောက်သောယေရှုကြယ်ကို မြင်သောပညာရှိများဖြစ်ကြသည်။(မဿဲ ၂း၁–၂)

၁၀။ ပညာရှိများက ယေရှုကိုတွေ့သောအခါ မည်သည့်အရာကို လုပ်ဆောင်ခဲ့ကြသနည်း။
သူတို့သည် သခင်ယေရှုကို ဖူးမြော်၍လက်ဆောင်များပေးလှူခဲ့ကြသည်။(မဿဲ ၂း၉–၁၁)

*ရွှေကျမ်းချက်။ ။‘‘အကြောင်းမူကား၊ ငါတို့သခင်ယေရှုခရစ်တော်သည် စည်းစိမ်ရှိသော်လည်း၊ ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်းရှိစေခြင်းငှါ၊ သင်တို့အတွက်ကြောင့်ဆင်းရဲခြင်းကို ခံတော်မူသောကျေးဇူးတော်ကိုသင်တို့သိကြ၏။’’ (၂ကော၈း၉)*



## သင်ခန်းစာ (၄)
# ယေရှု၏ အစောပိုင်းဘဝ
*မဿဲ ၂၊ လုကာ ၂*

၁။ ယေရှုသည် ရက်ပေါင်း၄၀စေ့သောအခါ သူ၏မိဘများက မည်သည့်နေရာသို့ခေါ်သွားခဲ့သနည်း။
သူ၏မိဘများသည် ယေရှုကို ဗိမာန်တော်သို့ခေါ်သွားခဲ့သည်။(လုကာ ၂း ၂၁–၂၄၊ ၂၇ cf ဝတ်ပြု ၁၂း၁–၄၊ ၆)

၂။ မည်သူသည် ဗိမာန်ထဲတွင် ယေရှုကို တွေ့မြင်ခဲ့သနည်း။
ကယ်တင်ရှင်မမြင်မီမသေရဟု ဗျာဒိတ်တော်ရရှိသောရှုမောင်ဖြစ်သည်။(လုကာ ၂း ၂၅–၂၇)

၃။ ရှုမောင်သည် ယေရှုကို သူ၏လက်နှင့်ပိုက်ထွေး၍မည်သည့်အရာမြွက်ဆိုခဲ့သနည်း။
‘‘ကိုယ်တော်ဘုရားဗျာဒိတ်တော်အတိုင်းကိုယ်တော်၏ကျွန်သည် ငြိမ်ဝပ်စွာစုတေ့ရသောအခွင့်ကို ကိုယ်တော်သည် ယခုတွင်ပေးတော်မူ၏’’ ဟုမြွက်ဆိုခဲ့သည်။(လုကာ ၂း ၂၉၊၃၀)

၄။ ထိုအချိန်တွင် မည်သူသည် ဗိမာန်တော်ထဲသို့ ရောက်ရှိလာခဲ့သနည်း။
အသက် ၈၄ နှစ်ရှိသော ပရောဖက်မ– အန္နဖြစ်သညဗိမာန်တော်ထဲသို့ ရောက်ရှိလာခဲ့သည်။ (လုကာ ၂း၃၆–၃၇)

၅။ အန္နသည် ယေရှုကို မြင်တွေ့သောအခါ မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
ကယ်တင်ရှင်ကြွလာခဲ့ပြီဟု ဘုရားသခင်အားချီးမွမ်းခဲ့သည်။(လုကာ ၂း၃၈)

၆။ ဟေရုဒ်မင်းကြီးသည် ယေရှုဖွါးမြင်ခြင်းကို မည်သို့ သိရှိခဲ့သနည်း။
ယုဒရှင်ဘုရင်ကိုဖူးမြော်ရန်ရောက်ရှိလာသော မာကုပညာရှိတို့အားဖြင့် သိရှိခဲ့သည်။(မဿဲ ၂း၁–၃)

၇။ ပညာရှိတို့သည် ဟေရုဒ်မင်းကြီးထံပြန်မလာကြသောအခါ သူသည် မည်သည့်အရာကိုလုပ်ဆောင်ခဲ့သနည်း။
သူသည် ဗက်လင်မြို့တွင်ရှိသော နှစ်နှစ်အရွယ်မှစ၍၊ထိုအရွယ်အောက်ယုတ်သောသူငယ်ယောကျ်ားအားလုံးကို သတ်ခဲ့သည်။ (မဿဲ ၂း၁၆–၁၈)

၈။ ဘုရားသခင်သည် ယေရှုကို မည်သို့ကာကွယ်ခဲ့သနည်း။
သူက ယောသပ်အား ယေရှုနှင့်အဲဂုတ္တုပြည်သို့တိမ်းရှောင်ရန် မိန့်မှာခဲ့သည်။ (မဿဲ ၂း၁၃–၁၅)

၉။ ယေရှုသည် အသက် ၁၂နှစ်စေ့သောအခါ ဗိမာန်တော်ထဲတွင် မည်သည့်အရာလုပ်ဆောင်ခဲ့သနည်း။
သူသည် ကျမ်းတတ်ပုဂ္ဂိုလ်များနှင့်ထိုင်၍ခက်ခဲသောမေးခွန်းများဖြေကြားခဲ့သည်။(လုကာ ၂း၄၂–၄၇)

၁၀။ ယေရှုကို ထိုနေရာတွင်တွေ့သောအခါ သူကမာရိထံ မည်သည့်အရာကို ပြောကြားခဲ့သနည်း။
‘‘အကျွန်ုပ်သည် အဖ၏အိမ်၌ နေရသည်ကိုမသိပါသလော’’ဟုပြောကြားခဲ့သည်။(လုကာ ၂း၄၉)

*ရွှေကျမ်းချက်။ ။ ‘‘ငါ့သားကို အဲဂုတ္တုပြည်မှငါခေါ်ခဲ့ပြီ။’’ (မဿဲ ၂း၁၅ (ခ))*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၅)

# ယောဟန်က ယေရှုကို ဗတ္တိဇံပေးခြင်း

*လုကာ ၃၊ မဿဲ ၃၊ ၄*

၁။ ဗတ္တိဇံယောဟန်သည် မည်သည့်နေရာတွင် တရားဟောခဲ့သနည်း။
သူသည် ယောဒန်မြစ်နှင့်နီးရှိ တောထဲတွင် တရားဟောခဲ့သည်။ (မဿဲ ၃း၁၊ လုကာ၃း၂–၃)

၂။ ယောဟန်သည် မည်သို့သောအဝတ်အစားကို ဝတ်ဆင်ခဲ့သနည်း။
သူသည် ကုလားအုပ်အမွေးနှင့်ရက်သောအဝတ်ကို ဝတ်လျက်၊ ခါး၌သားရေခါးပန်းကိုစည်းခဲ့သည်။(မဿဲ ၃း၄)

၃။ ယောဟန်သည် မည်သည့်အစာကို စားသုံးခဲ့သနည်း။
သူသည် ကျိုင်းကောင်နှင့်တော၌ဖြစ်သောပျားရည်ကို စားခဲ့သည်။( မဿဲ ၃း၄)

၄။ လူတွေကယောဟန်ဟောသောတရားတော်ကိုနားထောင်ရန်အဘယ်ကြောင့် ရောက်ရှိလာခဲ့ကြသနည်း။
သူတို့၏အထဲတွင် ပရောဖက်ကြီးတစ်ပါးပေါ်ထွန်းခဲ့ပြီဟုကြားသိခဲ့ကြသောကြောင့်ဖြစ်သည်။ (မဿဲ ၃း၁၅)

၅။ ယောဟန်သည် မည်သည့်တရားတော်ကို ဟောပြောခဲ့သနည်း။
ကယ်တင်ရှင်ကြွလာခဲ့ပြီ ဟု ယောဟန်ဟောပြောခဲ့သည်။ (လုကာ ၃း၄–၆၊၁၆–၁၇)

၆။ သူက လူတွေအား မည်သည့်အရာလုပ်ဆောင်ရန် တိုက်တွန်းခဲ့သနည်း။
လူတွေအားနောင်တရရန်နှင့်ကယ်တင်ရှင်ကို စောင့်မျှော်ရန်တိုက်တွန်းခဲ့သည်။(မဿဲ၃း ၂၊၈၊၁၁–၁၂)

၇။ ယောဟန်သည်တရားဟောနေစဉ် မည်သူသည် သူ့ဆီသို့ရောက်ရှိလာခဲ့သနည်း။
ယေရှုသည် ဗတ္တိဇံခံယူရန် ယောဟန်ဆီသို့ရောက်ရှိလာခဲ့သည်။ (မဿဲ ၃း၁၃)

၈။ ယေရှုသည် ဗတ္တိဇံခံယူနေစဉ် မည်သည့်အရာကိုဖြစ်ပျက်ခဲ့သနည်း။
သူ့အပေါ်သို့သန့်ရှင်းသောဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ဆင်းသက်ခဲ့သည်။ (မဿဲ၃း၁၆–၁၇၊ လုကာ ၃း၂၁–၂၂)

၉။ ဝိညာဉ်တော်သည် ယေရှုကို မည်သည့်နေရာသို့ ပို့ဆောင်ခဲ့သနည်း။
မာရ်နတ်၏စုံစမ်းသွေးဆောင်ခြင်းကိုခံရန်အတွက် တောထဲသို့ပို့ဆောင်ခဲ့သည်။(မဿဲ ၄း၁)

၁၀။ ယေရှုသည် တတိယအကြိမ်စုံစမ်းခြင်းကိုခဲ့ပြီးနောက် မည်သည့်အရာ လုပ်ဆောင်ခဲ့သနည်း။
“အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့” ဟု သူက စာတန်ကို နှင်ထုတ်ခဲ့သည်။(မဿဲ၄း၁၀)

*ရွတ်ကျမ်းချက်။ ။“ယေရှုကလည်း၊ အချင်းစတန်၊ ငါ့နောက်သို့ဆုတ်လော့။ သင်၏ဘုရားသခင်ထာဝရဘုရားကို ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာဝတ်ပြုရမည် ကျမ်းစာလာသည် ဟု မိန့်တော်မူ၏။” (မဿဲ ၄း၁၀)*



## သင်ခန်းစာ (၆)

# ယေရှုက သာသနာလုပ်ငန်းစတင်ခြင်း

*ယောဟန် ၂ – ၃*

၁။ ယေရှုသည် သူ၏တပည့်တော်ခြောက်ယောက်တို့နှင့်အတူ မည်သည့်နေရာသို့သွားရောက်ခဲ့သနည်း။
သူသည် ဂါလိလဲပြည်ကာနမြို့ မင်္ဂလာဆောင်ပွဲသို့သွားရောက်ခဲ့သည်။ (ယောဟန် ၂း၁–၂)

၂။ ထိုပွဲတွင် ယေရှု၏မယ်တော်၊ မာရိက ယေရှုအား မည်သည့်အရာကို ပြောခဲ့သနည်း။
သူတို့သည် စပျစ်ရည်ကုန်သွားပြီဖြစ်ကြောင်းကိုမာရိက ယေရှုအားပြောခဲ့သည်။ (ယောဟန် ၂း၃)

၃။ ယေရှုသည် အစေခံတို့အား မည်သည့်အမှုကို လုပ်ဆောင်စေခဲ့သနည်း။
ယေရှုက သူတို့အားနှစ်တင်းသုံးတင်းခန့်ဝင်သောကျောက်အိုးစရည်းခြောက်လုံးထဲတွင် ရေအပြည့်ထည့်စေခဲ့သည်။ (ယောဟန် ၂း၆–၈)

၄။ အစေခံများသည် ရေအပြည့်ထည့်ပြီးနောက် ယေရှုသည် မည်သည့်အရာကိုလုပ်ဆောင်ခဲ့သနည်း။
ယေရှုသည် ရေမှစပျစ်ရည်သို့ပြောင်းလဲစေခဲ့သည်။ (ယောဟန် ၂း၉–၁၀)

၅။ ပဌမနိမိတ်လက္ခဏာ၏ အကျိုးတက်ရောက်မှုသည် မည်သည့်အရာဖြစ်သနည်း။
သူသည် ကတိတော်နှင့်ဆိုင်သောကယ်တင်ရှင်ဖြစ်ကြောင်း သူ၏တပည့်တော်များက ယေရှုကိုယုံကြည်ခဲ့ကြသည်။ (ယောဟန် ၂း၁၁)

၆။ ယေရှုသည် ကာနမင်္ဂလာဆောင်ပွဲပြီးနောက် မည်သည့်နေရာသို့သွားရောက်ခဲ့သနည်း။
သူသည် ပသခါပွဲကျင်းပရန် ယေရုရှလင်မြို့သို့သွားခဲ့သည်။ (ယောဟန် ၂း၁၃)

၇။ ယေရှုသည် ဗိမာန်တော်ထဲတွင် မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
သူသည် ရိုက်စရာဘို့ကြိုးသေးများကို ပြုပြင်ပြီးမှ အရောင်းအဝယ်လုပ်သောသူများအား ဗိမာန်တော်မှ နှင်ထုတ်ခဲ့သည်။ (ယောဟန် ၂း၁၄–၁၆)

၈။ ဤလုပ်ဆောင်ချက်ကြောင့် ယုဒလူခေါင်းဆောင်များ အမျက်ဒေါသထွက်ခဲ့ကြသလား။
ထွက်ခဲ့ကြသည်။ သူတို့က ယေရှုအား မည်သူ့အမိန့်အားဖြင့် ဤသို့လုပ်ဆောင်ခဲ့သနည်း ဟု မေးမြန်းခဲ့သည်။ (ယောဟန် ၂း၁၈)

၉။ ယေရှုသည် သူတို့အား မည်သို့ဖြေကြားခဲ့သနည်း။
“ဤဗိမာန်တော်ကိုဖြိုဖျက်လော့။ သုံးရက်အတွင်းတွင် ငါတည်ဆောက်မည်” ဟု ဖြေကြားခဲ့သည်။ (ယောဟန် ၂း၁၉)

၁၀။ ယေရှုက နိကောဒင်အား မည်သည့်အရေးကြီးသော သင်ခန်းစာကို သင်ကြားခဲ့သနည်း။
“ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကို မမြင်ရ” ဟူသော သင်ခန်းစာကို သင်ကြားပေးခဲ့သည်။ (ယောဟန် ၃း၃)

*ရွတ်ကျမ်းချက်။ ။“ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။” (ယောဟန် ၃း၁၆)*



Copyright © Gratia Dei Sola Media

## ရှမာရိပြည်ရှိရေတွင်းနား၌ ယေရှု

*ယောဟန် ၄*

၁။ ပသခါပွဲအပြီးမှာ ယေရှုသည် မည်သည့်အရပ်သို့သွားရောက်ခဲ့သနည်း။
သူသည် ရှမာရိ ပြည်မှ ဂါလိလဲပြည်သို့ သွားရောက်ခဲ့သည်။ (ယောဟန် ၄း၁–၄)

၂။ ယေရှုသည် ရှမာရိပြည် ရေတွင်းနား၌ မည်သူနှင့်တွေ့ဆုံခဲ့သနည်း။
ယေရှုသည် ရေခပ်ရန်လာသော ရှမာရိမိန်းမနှင့်တွေ့ဆုံခဲ့သည်။ (ယောဟန် ၄း၄–၇)

၃။ ယေရှုသည် ရှမာရိမိန်းမထံ မည်သည့်အရာကို တောင်းဆိုခဲ့သနည်း။
ယေရှုက “ငါသောက်ဘို့ရေပေးပါ” ဟုတောင်းဆိုခဲ့သည်။ (ယောဟန် ၄း၇ (က))

၄။ ယေရှုက ရှမာရိမိန်းမထံ မည်သည့်အရာကို ပြောပြခဲ့သနည်း။
ယေရှုက သူသည်သက်စမ်းရေဖြစ်ကြောင်းကိုရှမာရိမိန်းမထံပြောဆိုခဲ့သည်။ (ယောဟန်၄း၁၀၊၁၄)

၅။ ယေရှုက ငါသည် သက်စမ်းရေဖြစ်ကြောင်းပြောသောအခါ မည်သည့်အရာကို ဆိုလိုသနည်း။
သူသည် ကျွန်ုပ်တို့အား အပြစ်တရားနှင့်သေခြင်းတရားမှကယ်တင်ရန် ကြွလာသော ကယ်တင်ရှင်ဖြစ်ခြင်းကို ဆိုလိုသည်။(ယောဟန်၄း၁၃၊ ၁၄၊ cf ယောဟန်၃း၁၆၊ ၇း၃၇)

၆။ ယေရှုသည်ရှမာရိမိန်းမနှင့် စကားစမြည်ပြောနေစဉ် မည်သည့်အရာကိုလုပ်ဆောင်ခဲ့သနည်း။
မိန်းမသည် ယေရှုကို သူမ၏ကယ်တင်ရှင်ဖြစ်ကြောင်း ယေရှုကယုံကြည်စေခဲ့သည်။(ယောဟန် ၄း၂၅ –၂၆၊ ၂၉)

၇။ ရှမာရိမိန်းမက ယေရှုကို သူမ၏ကယ်တင်ရှင်အဖြစ်ယုံကြည်သောအခါ သူမသည် မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
သူမသည် မြို့ထဲသို့သွား၍ ယေရှုပြောသောစကားကိုနားထောင်ရန် လူများစွာတို့ကို ခေါ်ဖိတ်ခဲ့သည်။ (ယောဟန် ၄း၂၈–၃၀)

၈။ ယေရှုက ရှမာရိမြို့တွင်ရှိသောအခြားသူများကိုလည်း ကယ်တင်ခဲ့သလား။
ကယ်တင်ခဲ့သည်။ လူများစွာတို့က ယေရှုကို သူတို့၏ကယ်တင်ရှင်အဖြစ်ယုံကြည် လက်ခံကြသည်။ (ယောဟန် ၄း၂၉–၄၂)

၉။ ဤအမှုသည် တပည့်တော်များအား မည်သည့်အရာကိုဖော်ပြခဲ့သနည်း။
ဘုရားသခင်သည် သူ၏လူများကို ဂါလိလဲပြည်မှ စုစည်းလိမ့်မည့်အကြောင်းကို ထင်ရှားစေခဲ့သည်။ (ယောဟန် ၄း၉၊၂၇၊ ၃၅–၃၈၊ မဿဲ ၂၈း၁၉–၂၀)

၁၀။ ယေရှုသည် ရှမာရိမြို့တွင် ရက်ပေါင်းမည်မျှကြာနေခဲ့သနည်း။
သူသည် နှစ်ရက်နေခဲ့ပြီးနောက် ဂါလိလဲပြည်သို့သွားခဲ့သည်။ (ယောဟန် ၄း၄၃)

*ရွှေကျမ်းချက်။ ။“ငါ့ဝိညာဉ်သည် ဘုရားသခင်တည်းဟူသော အသက်ရှင်တော်မူသောဘုရားကို တော်လှပါ၏။” (ဆာလံ ၄၂း၂ (က))*





## ယေရှုသည် ဂါလိလဲပြည်၌ ဆုံးမဩဝါဒပေးခြင်း

*ယောဟန် ၄၊ လုကာ ၄*

၁။ ယုဒလူများသည် ယေရှုကို တွေ့ကြသောအခါ ဝမ်းမြောက်ခဲ့ကြသလား။
သူတို့သည်ယေရှုပြုတော်မူသောအံ့ဩဖွယ်နိမိတ်လက္ခဏာများကို မြင်လိုကြသောကြောင့် ဝမ်းမြောက်ခဲ့ကြသည်။ (လုကာ ၄း၁၄၊ ယောဟန် ၄း၄၅၊ ၂း၂၃)

၂။ ယေရှုသည် ကာနမြို့တွင် မည်သည့်ဒုတိယနိမိတ်လက္ခဏာကို ပြုလုပ်ခဲ့သနည်း။
ယေရှုသည် အလွန်ဖျားနာနေသောအမတ်၏သားကို ကျန်းမာစေခဲ့သည်။(ယောဟန်၄း၄၆၊၅၀၊၅၄)

၃။ ကာနမြို့၌ရှိသော အမတ်သည် မည်သည့်နေရာတွင် နေထိုင်ခဲ့သနည်း။
သူသည် မိုင်ပေါင်းနှစ်ဆယ်ဝေးသော ကပေရနောင်မြို့၌ နေထိုင်ခဲ့သည်။(ယောဟန်၄း၄၆)

၄။ ယေရှုက အမတ်၏သားကို မည်သို့ကျန်းမာစေခဲ့သနည်း။
သူသည် စကားတစ်ခွန်းမိန့်တော်မူခြင်းအားဖြင့် ကျန်းမာစေခဲ့သည်။(ယောဟန် ၄း၅၀၊ ၅၃)

၅။ ယေရှုသည် ကာနမြို့မှ မည်သည့်နေရာသို့သွားရောက်ခဲ့သနည်း။
ယေရှုသည် သူကြီးပြင်းလာသောနေရာ နာဇရက်မြို့သို့ သွားရောက်ခဲ့သည်။(လုကာ ၄း၁၆)

၆။ နာဇရက်မြို့တွင် ယေရှုသည် လူတွေအားမည်သည့်အရာကို သွန်သင်ခဲ့သနည်း။
ပရောဖက်ဟေရှာယဟောပြောဖူးခဲ့သသော ခရစ်တော်သည် မိမိကိုယ်တိုင်ဖြစ်ကြောင်း ထိုသူတို့ကို ယေရှုက ပြောခဲ့သည်။ (လုကာ ၄း၁၇–၁၉၊ cf ဟေရှာ ၆၁း၁)

၇။ နာဇရက်လူများက ယေရှုကို ယုံကြည်ခဲ့ကြသလား။
မယုံကြည်ခဲ့ကြပေ။ ယေရှုသည် ကတိတော်နှင့်ဆိုင်သော ခရစ်တော်ဖြစ်ကြောင်းကို သူတို့က မယုံကြည်ခဲ့ကြပေ။ ( လုကာ ၄း၂၀–၂၂၊ ၂၈–၂၉)

၈။ နာဇရက်မြို့သားများက ယေရှုကို မယုံကြည်ကြသောအခါ ယေရှုကသူတို့အား မည်သည့်အရာကို ပြောပြခဲ့သနည်း။
တပါးအမျိုးသားများဆီသို့ ကယ်တင်ခြင်းသတင်းကောင်းကို ယူဆောင်ခဲ့ပြီဟုပြောခဲ့သည်။
(လုကာ ၄း၂၄–၂၇)

၉။ ဤအကြောင်းကို လူတွေက ကြားသိသောအခါ မည်သည့်အရာကိုလုပ်ဆောင်ခဲ့ကြသနည်း။
သူတို့သည် ယေရှုကိုပြင်းစွာအမျက်ထွက်၍ တောင်ထိပ်စွန်းအငူမှစောက်ထိုးတွန်းချရန် ကြိုးပမ်းခဲ့ကြသည်။ (လုကာ ၄း၂၈–၂၉)

၁၀။ ယေရှုသည် သူတို့ထံမှ မည်သို့လွတ်မြောက်ခဲ့သနည်း။
ယေရှုသည် သူတို့အလယ်၌လျှောက်သွားခဲ့၍သူတို့က ယေရှုကိုမထိနိုင်ခဲ့ကြပေ။ (လုကာ ၄း၃၀)

*ရွှေကျမ်းချက်။ ။“ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်၌တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အားဝမ်းမြောက်စရာသိတင်းကြားပြောစေခြင်းငှါ ငါ့ကိုဘိသိက်ပေးတော်မူပြီ။” (လုကာ ၄း၁၈)*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၉)

# ယေရှုက ဥပုသ်နေ့၌ အနာရောဂါငြိမ်းစေခြင်း

*ယောဟန် ၅*

၁။ ယေရှုသည် အဘယ်ကြောင့် ယေရုရှလင်မြို့သို့ ဒုတိယအကြိမ်သွားရောက်ခဲ့သနည်း။
သူသည် ယေရုရှလင်မြို့တွင်ပွဲကျင်းပရန် သွားရောက်ခဲ့ခြင်းဖြစ်သည်။(ယောဟန် ၅း၁)

၂။ ယေရှုသည် ယေရုရှလင်မြို့တွင် နေစဉ် ဥပုသ်နေ့၌ မည်သည့်နေရာသို့သွားရောက်ခဲ့သနည်း။
သူသည် လူနာများစွာရှိသောနေရာ ဗေသေသဒရေကန်သို့သွားရောက်ခဲ့သည်။(ယောဟန်၅း၂၊ ၈–၉)

၃။ ဤလူနာများသည် အဘယ်ကြောင့် ရေကန်နား၌ နေခဲ့ကြသနည်း။
ကောင်းကင်တမန်သည် ရေကန်ထဲသို့ဆင်းသက်၍ ရေလှုပ်ရှားသောအခါ ရှေဦးစွာဆင်းသောသူသည် အနာရောဂါပျောက်ကင်းသည်ဟု ယူဆခဲ့ကြသောကြောင့်ဖြစ်သည်။(ယောဟန် ၅း၄)

၄။ ယေရှုသည် ရေကန်နားတွင် မည်သူ့ကို စကားပြောခဲ့သနည်း။
၃၈နှစ်တိုင်တိုင် ခြေသေနေသော သူနှင့်စကားပြောခဲ့သည်။(ယောဟန် ၅ း၅)

၅။ ခြေသေနေသောသူသည် မည်သည့်အရာကို ပုံဆောင်ထားသနည်း။
ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အပြစ်နွံထဲတွင် အကူအညီမဲ့နေသောသူများဖြစ်သည်ကို ဖော်ပြပေးထားသော ပုံဥပမာဖြစ်သည်။ (ယောဟန်၅း၁၄၊၁၉–၂၅ cf ဖေက် ၂း၁–၅၊ဟေရှာ ၃၅း၅–၈၊ ၆၁း၁–၃)

၆။ ယေရှုက ခြေသေနေသောသူထံ မည်သည့်အရာကို မိန့်တော်မူခဲ့သနည်း။
"ကိုယ်အိပ်ရာကို ဆောင်၍လှမ်းသွားလော့" ဟုမိန့်တော်မူခဲ့သည်။(ယောဟန် ၅း၈)

၇။ ဖါရိရှဲများသည် ခြေသေနေသောသူသည် ပကတိကျန်းမာလာကြောင်းကြားသောအခါ ဝမ်းမြောက်ခဲ့ကြသလား။
ဝမ်းမြောက်ခြင်းမရှိခဲ့ကြပေ။ ခြေသေနေသောသူသည် ဥပုသ်နေ့တွင် မိမိအိပ်ရာကိုဆောင်၍ လှမ်းသွားသည်ကို မြင်တွေ့သောအခါ စိတ်ဆိုးခဲ့ကြသည်။(ယောဟန် ၅း၉–၁၀)

၈။ ယေရှုက ခြေသေနေသောသူအားကျန်းမားစေခဲ့သည်ကို ဖါရိရှဲတို့သည် ကြားသိသောအခါ မည်သည့်အရာကို ပြောဆိုခဲ့ကြသနည်း။
သူတို့က ယေရှုသည် ဥပုသ်နေ့ကို ချိုးဖောက်သည်ဟု ပြစ်တင်ခဲ့ကြသည်။ (ယောဟန်၅း၁၅–၁၆)

၉။ ယေရှုသည် ခြေသေနေသောသူအား ကျန်းမာစေသောကြောင့် ဥပုသ်နေ့ကိုချိုးဖောက်ခဲ့သလား။
မချိုးဖောက်ခဲ့ပေ။ ယေရှုသည် ဥပုသ်နေ့ကို အစိုးရသောသခင်ဖြစ်၍ ဥပုသ်နေ့တွင် ကောင်းသောအမှုပြုခြင်းသည် အပြစ်မဟုတ်ပေ။ (ယောဟန် ၅း၁၇၊ မသဲ ၁၂း၇–၈)

၁၀။ ယေရှုသည် ဥပုသ်နေ့ကို အစိုးရသောသခင်ဖြစ်သည်ဟုဖော်ပြရာတွင် မည်သည့်အရာကိုဆိုလိုသနည်း။
ဥပုသ်နေ့သည် ဘုရားသခင်၏နေ့၊ သူပိုင်ဆိုင်သောနေ့ဖြစ်သည်ကို ဆိုလိုသည်။( မာကု ၂း၂၇–၂၈၊ ဗျာဒိတ် ၁း၁၀)

*ရွှေကျမ်းချက်။ ။"သို့ဖြစ်၍လူသားသည် ဥပုသ်နေ့ကိုပင်အစိုးရသည်ဟုမိန့်တော်မူ၏။"(မာကု ၂း၂၈)*



## သင်ခန်းစာ (၁၀)

# ဂါလိလဲအိုင်၌ ယေရှု

*လုကာ ၈ နှင့် မသဲ ၈*

၁။ ယေရှုသည် သူ၏တပည့်တော်များနှင့် ဂါလိလဲအိုင်ဖြတ်ကူးစဉ်တွင်မည်သည့်အရာကို ဖြစ်ပျက်ခဲ့သနည်း။
အိုင်၌မိုးသက်မုန်တိုင်းကျရောက်ခဲ့သည်။ (လုကာ ၈း၂၃)

၂။ တပည့်တော်များသည် စိုးရိမ်ပူပန်ခဲ့ကြပါသလား။
သူတို့သည် လှေရေထဲ၌မြုပ်သွားမည်ကို စိုးရိမ်ပူပန်ခဲ့ကြသည်။ (လုကာ ၈း၂၄)

၃။ မုန်တိုင်းကျရောက်စဉ်တွင် ယေရှုသည် မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
သူသည် လှေထဲတွင် ကျိန်းစက်တော်မူခဲ့သည်။(လုကာ ၈း၂၃(က)၊ မသဲ ၈း၂၄)

၄။ သူ၏တပည့်များက ယေရှုကို နှိုးကြသောအခါ သူသည် မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
သူသည် လေနှင့်လှိုင်းတံပိုးများငြိမ်သက်ရန် အမိန့်ပေးခဲ့သည်။ (လုကာ ၈း၂၄ (ခ)၊ မသဲ၈း၂၆)

၅။ ယေရှုသည် ဤမုန်းတိုင်းအားဖြင့် တပည့်တော်များအား မည်သည့်အရာကို သွန်သင်ခဲ့သနည်း။
သူတို့သည် ခရစ်တော်နှင့်အတူရှိလျှင် လုံခြုံမှုရှိသည်ဟူသောသင်ခန်းစာကို သွန်သင်ခဲ့သည်။(လုကာ ၈း၂၅၊ cf ဟေရှာ ၄၃း၂)

၆။ မည်သူသည် အိုင်တဘက်၌ယေရှုနှင့်တွေ့ဆုံခဲ့သနည်း။
နတ်ဆိုးစွဲသော လူနှစ်ယောက်တို့သည် ယေရှုနှင့်တွေ့ဆုံခဲ့ကြသည်။ (မသဲ ၈း၂၈)

၇။ ယေရှုက ဤနတ်ဆိုးစွဲသောသူများအား မည်သည့်အရာလုပ်ဆောင်ရန် မိန့်ဆိုခဲ့သနည်း။
ယေရှုက သူတို့အား ထိုသူများထဲမှထွက်လာရန် အမိန့်ပေးခဲ့သည်။(မသဲ ၈း၃၂)

၈။ ယေရှုသည် နတ်ဆိုးများအား တောင်စောင်း၌ကျက်စားနေသော ဝက်များထဲသို့ဝင်ရန် အမိန့်ပေးသောအခါ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ဝက်များသည်အိုင်ကမ်းစောက်ကိုတဟုန်ထိုးပြေးဆင်း၍ရေ၌သေခဲ့ကြသည်။ (လုကာ ၈း၃၃)

၉။ ယေရှုသည် နတ်ဆိုးများအပေါ်တန်ခိုးရှိကြောင်းဤနိမိတ်လက္ခဏာကိုပြသသောအခါ ကျွန်ုပ်တို့အားမည်သည့်အရာကို သွန်သင်သနည်း။
နတ်ဆိုးများသည် သူတို့အပေါ်ဘုရားသခင်ပေးထားသောတန်ခိုးမရှိလျှင် သူတို့ သည် မည်သည့်အရာတစုံတခုကိုမျှမပြုနိုင်ဟူသောသင်ခန်းစာကို ကျွန်ုပ်တို့အားသိစေခဲ့သည်။( မသဲ ၈း၂၉–၃၁၊ လုကာ ၄း၄၁၊ ၂ပေ ၂း၄)

၁၀။ ဂါဒရပြည်သူပြည်သားများသည် ဤနိမိတ်လက္ခဏာများကိုမြင်ကြသောအခါ သူတို့သည် ယေရှုကိုယုံကြည်ခဲ့ကြသလား။
မယုံခဲ့ကြပေ။ သူတို့သည် ယေရှုထက် သူတို့၏ဝက်များကို ပို၍ပိုင်ဆိုင်လိုခဲ့ကြသည်။ (လုကာ ၈း၃၇)

*ရွှေကျမ်းချက်။ ။"လေနှင့်ပင်လယ်သည် သူ၏စကားကို နားထောင်ပါသည်တကားဟု အံ့သြကြ၏။"(မသဲ ၈း၂၇ (ခ))*



Copyright © Gratia Dei Sola Media

သင်ခန်းစာ (၁၁)

## လူတွေက ယေရှုကို သူတို့၏ရှင်ဘုရင်ဖြစ်စေလိုကြခြင်း

*ယောဟန် ၆*

၁။ ယေရှုသည် ကပေရနောင်မြို့အနီး တောထဲတွင် မည်သည့်နိမိတ်လက္ခဏာကိုပြခဲ့သနည်း။
သူသည် မိန်းမနှင့်ကလေးမပါ ယောကျ်ား ၅၀၀၀ ခန့်ကို ကျွေးမွေးခဲ့သည်။(ယောဟန် ၆း၁၀)

၂။ ဤအမှုသည် အဘယ်ကြောင့်ကြီးမားသောနိမိတ်လက္ခဏာဖြစ်ခဲ့သနည်း။
ယေရှုက မုန့်ငါးလုံးနှင့်ငါးကလေးနှစ်ကောင်တို့ဖြင့် သူတို့ကို ကျွေးမွေးကာကြွင်းကျန်သောအကျိုးအပဲ့များသည် တဆယ်နှစ်တောင်းအပြည့်ရကြသောကြောင့်ဖြစ်သည်။ (ယောဟန်၆း၉၊ ၁၁–၁၃)

၃။ ယေရှုသည် လူ ၅၀၀၀ကျွေးမွေးခြင်းနိမိတ်လက္ခဏာအားဖြင့် လူတွေကို မည်သည့်အရာသွန်သင်ခဲ့သနည်း။
ယေရှုကသူသည် ကောင်းကင်မှဆင်းသက်သော အသက်မုန့်ဖြစ်ကြောင်း လူတွေကိုသွန်သင်ခဲ့သည်။ (ယောဟန် ၆း၃၂–၃၅)

၄။ တပည့်တော်များသည် ညအချိန်တွင် အိုင်ကူးဖြတ်ရန်ကြိုးပမ်းကြသောအခါ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ဘုရားသခင်ကလေပြင်းမုန်တိုင်းစေလွှတ်ခဲ့သောကြောင့် သူတို့သည် ကမ်းတဘက်သို့အကူးနိုင်ခဲ့ကြပေ။ (ယောဟန် ၆း၁၆–၁၈)

၅။ ယေရှုက သူတို့ကို မည်သို့ကူညီခဲ့သနည်း။
ယေရှုက အိုင်ပေါ်တွင် လျှောက်ခဲ့၍ လေပြင်းမုန်တိုင်းငြိမ်သက်သွားစေခဲ့သည်။(ယောဟန် ၆း၁၉)

၆။ ယေရှုသည် ရေလှိုင်းများကြားသူတို့ဆီသို့လျှောက်သွားခြင်းအားဖြင့် တပည့်တော်များအား မည်သည့်အရာကို သွန်သင်ခဲ့သနည်း။
အသင်းတော်သည် လေပြင်းမုန်းတိုင်းကဲ့သို့ဖြတ်သန်းခဲ့ရသော်လည်း ယေရှုသည်ငါတို့နှင့်အတူရှိနေသည်ဟူသောသင်ခန်းစာကို သွန်သင်ခဲ့သည်။(ယောဟန် ၆း၂၀–၂၁၊ဖေက် ၁း၁၉–၂၃)

၇။ လူတွေက အဘယ်ကြောင့်ယေရှုကို ကမ်းတဘက်သို့ရှာဖွေခဲ့ကြသနည်း။
ယေရှုသည် အံ့သြဖွယ်နိမိတ်လက္ခဏာအားဖြင့် ကျွေးမွေးနိုင်သောကြောင့်လူတွေက သူ့ကို ရှင်ဘုရင်အရာ၌ချီးမြှောက်လိုခဲ့ကြခြင်းဖြစ်သည်။ (ယောဟန် ၆း၁၅)

၈။ ယေရှုသည် ရှင်ဘုရင်ဖြစ်ချင်ခဲ့သလား။
မဖြစ်ချင်ခဲ့ပေ။ သူ၏နိုင်ငံသည် ကောင်းကင်နိုင်ငံဖြစ်ကြောင်း ယေရှုက သူတို့အား ပြောဆိုခဲ့သည်။ (ယောဟန် ၆း၃၆–၄၁)

၉။ လူတွေက ထိုနိုင်ငံတော်ကို မလိုအပ်ကြောင်းကို မည်သို့ ပြသခဲ့ကြသနည်း။
လူများစွာတို့က ယေရှုနောက်မလိုက်တော့ဘဲနောက်ပြန်ဆုတ်ခဲ့ကြသည်။(ယောဟန် ၆း၆၆)

၁၀။ ယေရှုက တပည့်တော်များအား သင်တို့သည်လည်းငါ့ထံမှ ထွက်သွားကြလော့ဟုပြောအခါသူတို့က မည်သို့ဖြေကြားခဲ့ကြသနည်း။
သူတို့က ‘‘သခင်၊ အကျွန်ုပ်တို့သည် အဘယ်သူထံသို့သွားရပါမည်နည်း။ ထာဝရအသက်နှင့်ယှဉ်သောစကားသည် ကိုယ်တော်၌တည်ပါ၏’’ ဟုပြောဆိုခဲ့ကြသည်။ (ယောဟန် ၆း၆၈)

*ရွှေကျမ်းချက်။ ။‘‘ငါသည် ကောင်းကင်မှဆင်းသက်လာသောအသက်မုန့်ဖြစ်၏။’’(ယောဟန်၆း၅၁ (က))*



သင်ခန်းစာ (၁၂)

## ယေရှုသည် တောင်ပေါ်တွင် ခန္ဓာတော်ပြောင်းလဲခြင်း

*မဿဲ ၁၆၊ ၁၇*

၁။ ယေရှုသည် ထာဝရအသက်စကားများပိုင်ဆိုင်သည်ဟု တပည့်တော်များက ဝန်ခံခဲ့ပြီးနောက် ယေရှုသည် သူတို့ထံမည်သည့်အရာကို ပြောပြခဲ့သနည်း။
ယေရှုသည် မိမိကိုယ်တိုင် ညှဉ်းဆဲခြင်းခံကာအသေခံရမည်ဟု ပြောဆိုခဲ့သည်။(မဿဲ ၁၆း၂၁)

၂။ ယေရှုကသူတို့အား အခြားမည်သည့်အရာကို ပြောပြခဲ့သနည်း။
သူသည် သုံးရက်မြောက်သောနေ့၌သေခြင်းမှရှင်ပြန်ထမြောက်လိမ့်မည်ဟု ပြောခဲ့သည်။ (မဿဲ ၁၆း၂၁)

၃။ ယေရှုက မည်သူတွေကို သူနှင့်အတူသွားရန် မြင့်မားသောတောင်ပေါ်သို့ခေါ်ဆောင်ခဲ့သနည်း။
တပည့်တော်သုံးပါးဖြစ်သော၊ ပေတရု၊ယာကုပ်နှင့်ယောဟန်တို့ကိုခေါ်ဆောင်ခဲ့သည်။(မဿဲ ၁၇း၁)

၄။ ယေရှုသည် တောင်ပေါ်တွင် ဆုတောင်းနေစဉ် မည်သည့်အရာကို ဖြစ်ပျက်ခဲ့သနည်း။
သူ၏မျက်နှာတော်သည်နေကဲ့သို့ထွန်းတောက်လျက်၊ အဝတ်တော်သည် အလင်းကဲ့သို့ဖြူဖွေးလျက်ရှိသည်။(မဿဲ ၁၇း၂)

၅။ မည်သူသည် ထိုနေရာတွင် ယေရှုထံထင်ရှားခဲ့သနည်း။
ယေရှုစုတေ့တော်မူမည့်အကြောင်းကိုပြောခဲ့သော မောရှေနှင့်ဧလိယတို့သည် ယေရှုထံသို့ထင်ရှားခဲ့သည်။(လုကာ ၉း၃၀–၃၁)

၆။ ကောင်းကင်မှလာသောအသံက မည်သည့်အရာကို ပြောခဲ့သနည်း။
‘‘ဤသူသည် ငါနှစ်သက်မြတ်နိုးရာငါ၏ချစ်သားပေတည်း’’ ဟုပြောခဲ့သည်။(မဿဲ ၁၇း၅)

၇။ ယေရှုသည် ခန္ဓာတော်ပြောင်းလဲခဲ့ပြီးနောက်တနေ့တွင် မည်သည့်နိမိတ်လက္ခဏာကိုပြခဲ့သနည်း။
ယေရှုက နတ်ဆိုးစွဲသော ကလေးတစ်ဦးကို ကျန်းမာစေခဲ့သည်။ (မဿဲ ၁၇း၁၅၊ ၁၈)

၈။ သူငယ်၏ဖခင်က ယေရှုအားမည်သည့်အရာကို ပြောပြခဲ့သနည်း။
သူက‘‘အကျွန်ုပ်ယုံကြည်ပါ၏သခင်၊မယုံကြည်သည်ကို မစတော်မူပါ’’ဟုပြောခဲ့သည်။(မာကု၉း၂၄)

၉။ ဤနိမိတ်လက္ခဏာတွင် မှတ်သားစရာဖြစ်စေသောအရာသည် အဘယ်နည်း။
တပည့်တော်များသည် သူငယ်အားအနာငြိမ်းစေရန်ကြိုးပမ်းခဲ့ကြသော်လည်း မငြိမ်းစေနိုင်ခဲ့ကြခြင်းဖြစ်သည်။ (မဿဲ ၁၇း၁၆၊၁၉)

၁၀။ ဤနိမိတ်လက္ခဏာက ကျွန်ုပ်တို့အား မည်သည့်အရာကို သွန်သင်သနည်း။
သခင်ယေရှုမနိုင်သောနတ်ဆိုးမရှိသည်ကို ကျွန်ုပ်တို့ယုံကြည်ရကြမည်ဖြစ်သည်။ (မဿဲ ၁၇း၁၈၊ ဆာလံ ၁၃၀း၇–၈၊ ဟေဗြဲ ၇း၂၅၊ ၁တိ ၁း၁၅)

*ရွှေကျမ်းချက်။ ။‘‘လူအပေါင်းတို့သည်ဘုရားသခင်၏မဟာတန်ခိုးတော်ကို မြင်၍မိန်းမောတွေဝေခြင်းရှိကြ၏။’’ (လုကာ ၉း၄၃)*



Copyright © Gratia Dei Sola Media

သင်ခန်းစာ (၁၃)

## ယေရှုက ယေရှုလင်မြို့၌ ဆုံးမဩဝါဒပေးခြင်း

*ယောဟန် ၈ – ၉၊ ၁၂၊ နှင့် လုကာ ၁၀ း၃၈ –၄၂*

၁။ ယေရှုသည် ယေရုရှလင်မြို့သို့ပသခါပွဲတော်တက်ရောက်ရန် ပြင်ဆင်သည့်အချိန်တွင် မည်သူ့အိမ်တွင် တည်းခိုခဲ့သနည်း။
သူသည် ဗေသနိမြို့ရှိ မာရိ၊ မာသနှင့်လာဇရုတို့အိမ်တွင် တည်းခိုခဲ့သည်။ (ယောဟန် ၁၂း၁–၃)

၂။ မာသသည် ယေရှုကို ချစ်ကြောင်းမည်သို့ပြသခဲ့သနည်း။
သူမသည် ယေရှုကို ချိုမြိန်သောဟင်းလျာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ (လုကာ ၁၀း၄၀၊ ယောဟန် ၁၂း၂)

၃။ မာရိသည် ယေရှုကို ချစ်ကြောင်းမည်သို့ပြသခဲ့သနည်း။
သူမသည် သခင်ယေရှုဟောပြောသော ကောင်းကင်နိုင်ငံတော်အကြောင်းကိုနားထောင်ခဲ့သည်။ (လုကာ ၁၀း၃၉)

၄။ ယေရှုက မာရိအကြောင်းကို မည်သို့ပြောဆိုခဲ့သနည်း။
မာရိသည် ပို၍ကောင်းမွန်သောအဘို့ရွေးချယ်ခဲ့ပြီဟု ပြောဆိုခဲ့သည်။(လုကာ ၁၀း၄၂)

၅။ ယေရှုက ဗိမာန်တော်ထဲတွင် မည်သည့်အရာကို သွန်သင်ခဲ့သနည်း။
သူသည် ကယ်တင်ရှင်၊ လောက၏အလင်းဖြစ်သည်ဟု လူတွေအား သွန်သင်ခဲ့သည်။ (ယောဟန် ၈း၂၊ ၁၂)

၆။ ယုဒလူတို့သည် အဘယ်ကြောင့်ဤအမှုအပေါ် ဒေါသထွက်ခဲ့ကြသနည်း။
ယေရှုသည် မိမိကိုယ်ကို ဘုရားဖြစ်ကြောင်းလိမ်ညာပြီးဘုရားသခင်၏နာမတော်ကို မထီမဲ့မြင်ပြုသည်ဟု သူတို့ကယူဆခဲ့ကြသောကြောင့် ဖြစ်သည်။ (ယောဟန်၈း၁၃၊ ၅၈–၅၉)

၇။ သူတို့သည် ယေရှုကိုခဲနှင့်ပစ်ရန် ကြိုးပမ်းကြသောအခါ သူသည် မည်သို့လွတ်မြောက်ခဲ့သနည်း။
ယေရှုသည် တိမ်းရှောင်၍ထိုသူတို့အလယ်၌ ရှောက်သွားပြီးလျှင် ဗိမာန်တော်မှထွက်သွားခဲ့သည်။ (ယောဟန် ၈း၅၉)

၈။ သူတို့သည် ဗိမာန်တော်တွင် ယေရှုကိုသတ်ရန် ကြိုးပမ်းကြသောအခါ ယေရှုသည် မည်သည့်နိမိတ်လက္ခဏာကို ပြသခဲ့သနည်း။
ယေရှုက ဗိမာန်တော်တံခါးဝတွင်တောင်းစားနေသော မျက်ကန်းတစ်ယောက်ကို ပြန်မြင်စေခဲ့သည်။ (ယောဟန် ၉း၁၊ ၆–၇၊ ၁၁)

၉။ ယုဒလူများကသခင်ယေရှုအားဖြင့် ကျန်းမာခြင်းရရှိသောသူအပေါ် မည်သည့်အရာပြောခဲ့ကြသနည်း။
သူတို့က ထိုသူသည် မျက်စိမကန်းခဲ့ပေ ဟုပြောခဲ့သည်။ (ယောဟန် ၉း၉၊ ၁၈)

၁၀။ ယေရှုကဤမျက်စိကန်းသူအပေါ်အခြားမည်သည့်အရာကို လုပ်ဆောင်ပေးခဲ့သနည်း။
ယေရှုသည် လောက၏အလင်းဖြစ်ကြောင်းသိမြင်နိုင်ရန်အတွက် ယေရှုက သူ့၏ဝိညာဉ်မျက်စိကိုဖွင့်ပေးခဲ့သည်။ (ယောဟန် ၉း၂–၄၊ ၂၇–၂၈၊ ၃၅–၃၉)

*ရွှေကျမ်းချက်။ ။"ငါသည် ဤလောက၏အလင်းဖြစ်၏။ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်၌ မသွားမလာ၊ အသက်၏အလင်းကိုရလိမ့်မည်။" (ယောဟန် ၈း၁၂)*



သင်ခန်းစာ (၁၄)

## ယေရှုသည် လာဇရုကို သေခြင်းမှထမြောက်စေခြင်း

*ယောဟန် ၁၁*

၁။ ယုဒလူများကယေရှုကိုသတ်ရန်ရှာဖွေကြသောအခါသူသည် မည်သည့်နေရာသို့သွားရောက်ခဲ့သနည်း။
သူသည် ယောဒန်မြစ်ကမ်းတဘက် ပေရိအာ သို့သွားခဲ့သည်။(ယောဟန် ၁၀း၃၉–၄၀)

၂။ ယေရှုသည် ပေရိအာမြို့တွင်မည်သည့်အရာကို သွန်သင်ပေးခဲ့သနည်း။
ယေရှုသည် လူတွေအား ပုံဥပမာများစွာအသုံးပြု၍ သွန်သင်ခဲ့သည်။ (ယောဟန် ၁၅း၃၊၈၊၁၁)

၃။ ပေရိအာမြို့တွင် ယေရှုသွန်သင်သော ပုံဥပမာသုံးခုတို့ကို ဖော်ပြပါ။
"ပျောက်သောသိုး"၊ "ပျောက်သောဒင်္ဂါးပြား"၊ "ပျောက်သောသား"တို့ဖြစ်ကြသည်။(လုကာ၁၅)

၄။ ပေရိအာမြို့တွင် မည်သူသည် ယေရှုထံသို့လာရောက်ခဲ့သနည်း။
သူ၏သူငယ်ချင်းလာဇရုအလွန်ဖျားနာသည်ဟု သတင်းပို့ပေးသောသူများသည် ယေရှုထံသို့ ရောက်ရှိလာခဲ့ကြသည်။ (ယောဟန် ၁၀း၄၀၊ ၁၁း၁–၃)

၅။ တပည့်တော်များသည် ယေရှုအားအဘယ့်ကြောင့် ယေရုရှလင်မြို့မသွားစေလိုခဲ့ကြသနည်း။
ယုဒလူများက ယေရှုကို သတ်ရန်ရှာဖွေခြင်းကို သူတို့ကသိရှိခဲ့ကြသောကြောင့်ဖြစ်သည်။( ယောဟန်၁၁း၈ cf သင်ခန်းစာ ၁၃၊ မေးခွန်း ၇)

၆။ သောမက မည်သည့်အရာကို ပြောခဲ့သနည်း။
"အကျွန်ုပ်တို့လည်းလိုက်၍သခင်နှင့်အတူအသေခံကြကုန်အံ့"ဟုပြောခဲ့သည်။(ယောဟန် ၁၁း၁၆)

၇။ ယေရှုကအဘယ်ကြောင့် လာဇရုသေသည့်အထိစောင့်ဆိုင်းခဲ့သနည်း။
ယေရှုသည် သေသောသူများကို ထမြောက်စေနိုင်သည်ကို ပြသလိုသောကြောင့်ဖြစ်သည်။ (ယောဟန် ၁၁း၁၄–၁၅၊ ၃၉–၄၄)

၈။ လာဇရု၏သင်္ချိုင်းတွင်း၌ ယေရှုသည် မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
သူသည် လာဇရုကို အမိန့်ပေးကာသေခြင်းမှထမြောက်စေခဲ့သည်။(ယောဟန် ၁၁း၄၃)

၉။ ဤနိမိတ်လက္ခဏာအားဖြင့် ယေရှုသည် မည်သည့်အရာကို သွန်သင်ခဲ့သနည်း။
ယေရှုသည် သူ၏လူများကိုကောင်းကင်နိုင်ငံဘုန်းတော်ဝင်စကားသည့်ထိတိုင်အောင် ထမြောက်စေနိုင်သောတန်ခိုးရှိသည်ကို သွန်သင်ခဲ့သည်။ (ယောဟန် ၁၁း၂၅–၂၆)

၁၀။ ဤနိမိတ်လက္ခဏာက ယုဒလူများအား မည်သည့်ဆိုးကျိုးကို ဖြစ်ထွန်းစေခဲ့သနည်း။
သူတို့က ယေရှုကို သတ်ရန်ပို၍ဆုံးဖြတ်ခဲ့ကြသည်။ (ယောဟန် ၁၁း၅၃)

*ရွှေကျမ်းချက်။ ။"ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်းရှင်လိမ့်မည်။" (ယောဟန် ၁၁း၂၅)*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၁၅)
# ယေရှုက ပသခါပွဲသို့သွားရောက်ခြင်း
*လုကာ ၁၈ – ၁၉ နှင့် ယောဟန် ၁၂*

၁။ ယေရှုသည်လာဇရုကိုသေခြင်းမှထမြောက်စေခဲ့ပြီးနောက် မည်သည့်အရပ်သို့သွားရောက်ခဲ့သနည်း။
သူသည် ယေရုရှလင်မြို့နှင့်နီးသော ဧဖရိမ်မြို့သို့ သွားရောက်ခဲ့သည်။ (ယောဟန် ၁၁း၅၄)

၂။ ယေရှုသည် ယေရုရှလင်မြို့သို့သွားသောအခါ မည်သည့်လမ်းဖြင့် သွားခဲ့သနည်း။
သူသည် ပသခါပွဲသို့သွားသောသူများ သွားရာ ယေရိခေါမြို့သို့သွားသောလမ်းဖြင့်လျှောက်သွားခဲ့သည်။ (လုကာ ၁၈း၃၁၊ ၃၅)

၃။ ယေရှုသည် ယေရိခေါမြို့အနီးတွင် မည်သူနှင့်တွေ့ဆုံခဲ့သနည်း။
"ဒါဝိဒ်၏သားတော်ယေရှု၊ အကျွန်ုပ်ကို ကယ်မသနားတော်မူပါ"ဟုဟစ်ကြွေးသော လူကန်း၊ ဗာတိမဲနှင့်တွေ့ဆုံခဲ့သည်။ (လုကာ ၁၈း၃၈)

၄။ ယေရှုက ဗာတိမဲကို ပြန်မြင်စေသောအခါ သူသည် မည်သည့်အရာကိုလုပ်ဆောင်ခဲ့သနည်း။
သူသည် ယေရှုနောက်သို့လိုက်၍ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းခဲ့သည်။(လုကာ ၁၈း၄၃)

၅။ မည်သူသည် ယေရှုနှင့်တွေ့ရန် သဖန်းပင်ပေါ်သို့တက်ခဲ့သနည်း။
ယေရှုနှင့်တွေ့ဆုံရန် သဖန်းပင်ပေါ်သို့တက်ခဲ့သူမှာ အခွန်ခံဇက္ခဲဖြစ်သည်။(လုကာ ၁၉း၂–၄)

၆။ ယေရှုသည် ဇက္ခဲဆီသို့ရောက်သောအခါ မည်သည့်အရာကို ပြောဆိုခဲ့သနည်း။
"ဇက္ခဲ၊မြန်မြန်ဆင်းလော့။ သင်၏အိမ်၌ယနေ့ငါတည်းနေမည်"ဟု ယေရှုကပြောခဲ့သည်။(လုကာ၁၉း၅)

၇။ ယေရိခေါမြို့သူမြို့သားများကယေရှုသည် ဇက္ခဲအိမ်သို့ကြွလာခြင်းကို မည်သို့ထင်ခဲ့သနည်း။
သူတို့သည် အခွန်ခေါင်းဇက္ခဲကို မနာလိုမုန်းတီးခဲ့ကြသောကြောင့် အလွန်စိတ်ဆိုးခဲ့ကြသည်။ (လုကာ ၁၉း၇)

၈။ ယေရှုသည်ဇက္ခဲအိမ်သို့တည်းသောကြောင့်စိတ်ဆိုးသောအခြားသူများအပေါ် မည်သို့ပြောဆိုခဲ့သနည်း။
သူသည် အာဗြဟံ၏စစ်မှန်သောသားများအပေါ်ကယ်တင်ခြင်းယူဆောင်လာကြောင်း ယေရှုက သူတို့အားဖွင့်ပြောခဲ့သည်။ (လုကာ ၁၉း၉–၁၀)

၉။ ဗေသနိရွာသူမာရိက ယေရှုကို ယုံကြည်ကြောင်းမည်သို့ပြသခဲ့သနည်း။
သူသည် အဘိုးများစွာထိုက်သောဆီမွှေးစစ်ဖြင့်ယေရှု၏ခန္ဓာကိုယ်ကို လိမ်းပေးခဲ့သည်။(ယောဟန် ၁၂း၃)

၁၀။ မာရိသည် ယေရှု၏ခန္ဓာကိုယ်ကို အဘယ်ကြောင့် ဆီလိမ်းပေးခဲ့သနည်း။
ယေရှုသည် သေ၍ သေခြင်းမှပြန်လည်ထမြောက်လိမ့်မည်ဟု သူမယုံကြည်ခဲ့သောကြောင့် ဖြစ်သည်။ (ယောဟန် ၁၂း၇)

*ရွှေကျမ်းချက်။ ။"လူသားသည် ပျောက်သောသူတို့ကိုရှာ၍ကယ်တင်အံ့သောငှါကြွလာသတည်း"*
*(လုကာ ၁၉း၁၀)*



## သင်ခန်းစာ (၁၆)
# ယေရှုသည် ယေရုရှလင်မြို့သို့ ရှင်ဘုရင်အဖြစ်ဝင်ရောက်ခြင်း
*မဿဲ ၂၁ နှင့် လုကာ ၁၉*

၁။ ယေရှုမသေမီ ရက်သတ္တပတ်၏ပထမနေ့၌ မည်သည့်အရာကို သူလုပ်ဆောင်ခဲ့သနည်း။
သူသည် မြည်းကလေးကို စီး၍ယေရုရှလင်မြို့သို့ဝင်ရောက်ခဲ့သည်။ (မဿဲ ၂၁း၇–၁၂)

၂။ လူတွေက ယေရှုအားမြည်းကလေးစီး၍ယေရုရှလင်မြို့သို့ဝင်ရောက်သည်ကို မြင်သောအခါ မည်သည့်အရာကို လုပ်ဆောင်ခဲ့ကြသနည်း။
သူတို့သည် ယေရှုကို မြင်ခဲ့ကြသောအခါသံလွင်ပင်များကိုခုတ်၍ သူတို့၏အဝတ်များကို ချွတ်ကာ လမ်း၌ခင်းခဲ့ကြသည်။ (မဿဲ ၂၁း၈၊ လုကာ ၁၉း၃၆၊ ယောဟန် ၁၂း၁၃)

၃။ ယေရှုသည် လူတွေအနီးအနားဖြတ်သန်းသောအခါ သူတို့သည် မည်သို့ကြွေးကြော်ခဲ့ကြသနည်း။
သူတို့သည် "ဒါဝိဒ်၏သားတော်အားဟောရှန္နာဖြစ်စေသတည်း"ဟုကြွေးကြော်ခဲ့ကြသည်။ (မဿဲ ၂၁း၁၅)

၄။ လူတွေက ရှင်ဘုရင်များအတွက်သာအသုံးပြုသောစကားလုံး"ဟောရှန္နာ"ဟုအဘယ်ကြောင့် ဟစ်ကြွေးခဲ့ကြသနည်း။
ပရောဖက်များက သူတို့၏ရှင်ဘုရင်သည် မြည်းကလေးကိုစီး၍ သူတို့ဆီသို့ လာလိမ့်မည်ဟု ပြောခဲ့သောကြောင့်ဖြစ်သည်။ (cf ဇခရိ ၉း၉၊ ဟောရှာ ၆၂း၁၁)

၅။ ယေရှုသည် မြည်းကလေးကို စီး၍ယေရုရှလင်မြို့သို့ဝင်ရောက်သောအခါ လူတွေက သူ့ကို မည်သို့ ထင်မြင်ယူဆခဲ့ကြသနည်း။
ယေရှုသည် မိမိကိုယ်ကို လောက၌ရှင်ဘုရင်ဖြစ်လိမ့်မည်ဟု လူတွေက ထင်မြင်ယူဆခဲ့ကြသည်။ (မဿဲ ၂၁း၅၊ ၈–၉)

၆။ ယေရှုက လူတွေအားမည်သည့်အရာကို ပြသခဲ့သနည်း။
ယေရှုက မိမိသည် ကောင်းကင်ရှင်ဘုရင်ဖြစ်ကြောင်း လူတွေကိုပြသခဲ့သည်။(မဿဲ ၂၁း၄–၅၊ လုကာ ၁၉း၃၇–၃၈)

၇။ ဤအချိန်အတွင်း ယေရှုသည် အဘယ်ကြောင့် ဤအမှုကို ပြသခဲ့သနည်း။
ယေရှုသည် သူ၏နိုင်ငံတော်သို့ဝင်ရောက်နေပြီဖြစ်သောကြောင့်ဖြစ်သည်။(မဿဲ ၂၀း၂၂–၂၃၊လုကာ ၂၂း၂၉–၃၀)

၈။ ယေရှုသည် သန်မာသောမြင်းကို မစီးဘဲ အဘယ်ကြောင့်မြည်းကလေးကို စီးခဲ့သနည်း။
ယေရှုသည် နှိမ့်ချစွာဖြင့်သူ၏နိုင်ငံတော်သို့ဝင်သောအခါ နှိပ်စက်ခြင်းခံရမည်ကို ထင်ရှားစေခဲ့သည်။ (cf ၂ ကော ၈း၉၊ ယောဟန် ၁၇း၄–၅၊ တမန် ၅း၃၀–၃၁)

၉။ ယေရှုသည် အဘယ်ကြောင့် ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံစားရမည်နည်း။
ယေရှုက ကျွန်ုပ်တို့ကို အပြစ်မှကယ်တင်ရန်နှင့် ကောင်းကင်နိုင်ငံတော်သို့ ခေါ်ဆောင်နိုင်ရန် အတွက် ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံစားရမည်ဖြစ်သည်။ ( ဟေရှာ ၅၃)

၁၀။ယေရှုသည် လောကတစ်ခုလုံး၏ရှင်ဘုရင်အဖြစ် တဖန်ကြွလာဦးမည်လော။
ကြွလာဦးမည်။ ယခုတွင် ယေရှုသည် ကောင်းကင်နိုင်ငံတော်၌ ရှင်ဘုရင်ဖြစ်၍၊ သူတဖန် ကြွလာသောအခါ ကျွန်ုပ်တို့၏ရှင်ဘုရင်အဖြစ်ကြွလာမည်ဖြစ်သည်။ (၁ကော ၁၅း၂၃–၂၇၊ ဗျာဒိတ် ၁း၅–၆၊ ၂သက် ၁း၇–၁၀)

*ရွှေကျမ်းချက်။ ။"ဒါဝိဒ်၏သားတော်အားဟောရှန္နာဖြစ်စေသတည်း။ ထာဝရဘုရား၏အခွင့်နှင့်ကြွလာတော်မူသောသူသည် မင်္ဂလာရှိစေသတည်း။"* (မဿဲ ၂၁း၉ (ခ))



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၁၇)
# နောက်ဆုံးညစာစားပွဲ
*မဿဲ ၂၆ နှင့် ယောဟန် ၁၃*

၁။ ယေရှုသည် သူ၏ နောက်ဆုံးပသခါပွဲကို မည်သည့်နေရာတွင် ကျင်းပခဲ့သနည်း။
ယေရှုသည် တပည့်တော်များနှင့်အတူ နောက်ဆုံးပသခါပွဲကို အထက်ခန်း၌ ကျင်းပခဲ့သည်။
(မာကု ၁၄း၁၄–၁၅၊ လုကာ ၂၂း၁၁–၁၂)

၂။ ထိုပသခါပွဲတွင် ယေရှုသည် မည်သည့်အရာကို ရှေးဦးစွာလုပ်ဆောင်ခဲ့သနည်း။
ယေရှုကအစေခံကျွန်ကဲ့သို့တပည့်တော်များ၏ခြေကိုဆေးကြောပေးခဲ့သည်။(ယောဟန် ၁၂း၃–၅)

၃။ ယေရှုသည် သူတို့၏ခြေကို အဘယ်ကြောင့် ဆေးကြောပေးခဲ့သနည်း။
ယေရှုသည် သူတို့၏အပြစ်များဆေးပေးကြောရန်အတွက် မိမိအသက်ကို စွန့်တော်မူမည့် အကြောင်းကို ပြသလိုသောကြောင့်ဖြစ်သည်။(cf ယောဟန် ၁၃း၇–၈၊ ၁၀)

၄။ ယေရှုသည် သူတို့၏ခြေကို ဆေးကြောပေးခြင်း၏အခြားယူဆချက်သည်အဘယ်နည်း။
သူတို့သည်တယောက်နှင့်တယောက်အစေခံကြရန် ပြသလိုခြင်းဖြစ်သည်။(ယောဟန်၁၃း၁၂–၁၇)

၅။ ထိုပသခါပွဲတွင် ဒုတိယအရေးကြီးသောအဖြစ်အပျက်သည် မည်သည့်အရာဖြစ်သနည်း။
ယေရှုက ယုဒရှကာရုတ်အား “သင်ပြုရသောအမှုကို အလျင်အမြန်ပြုလော့” ဟုပြောခဲ့သည်။ (ယောဟန် ၁၃း ၂၇)

၆။ ယုဒရှကာရုတ်သည် ယေရှုပြောသောစကားကို နားလည်သိရှိခဲ့သလား။
နားလည်သိရှိခဲ့သည်။ ယုဒရှကာရုတ်သည် ယေရှုကို သစ္စာဖောက်ရန်ထွက်သွားခဲ့သည်။(ယောဟန် ၁၃း ၃၀၊ မဿဲ ၂၆း၂၅၊ ၄၇)

၇။ ထိုပသခါပွဲတွင် ယေရှုပြုသော တတိယအရေးကြီးဆုံးသောအရာသည် မည်သည့်အရာဖြစ်သနည်း။
ယေရှုက သူ၏စုတ်ပြဲခြင်းခံသောခန္ဓာကိုယ်နှင့်အသွေးကို ပုံဆောင်သော မုန့်နှင့်စပျစ်ရည်ကို သူ၏ တပည့်တော်များ နှင့်မျှဝေသုံးဆောင်ခဲ့ကြသည်။ (မဿဲ ၂၆း ၂၆–၂၈)

၈။ ဤအမှုသည် အဘယ်ကြောင့်အရေးကြီးသနည်း။
ကျွန်ုပ်တို့သည် ဘုရားသခင်၏ပွဲတော်မင်္ဂလာကိုအမြဲသုံးဆောင်ရန်ယေရှုသည် ဤနိမိတ်လက္ခဏာများကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။ (၁ ကော ၁၁း၂၄–၂၆)

၉။ ယေရှုသည် ပသခါပွဲကျင်းပခဲ့ပြီးနောက်မည်သည့်နေရာသို့သွားရောက်ခဲ့သနည်း။
ယေရှုသည် ဂေသရှေမန်အရပ်သို့ဆုတောင်းရန်သွားခဲ့သည်။ (မဿဲ ၂၆း၃၆)

၁၀။ ယေရှုသည် ဆုတောင်းခဲ့ပြီးနောက် ဂေသရှေမန်ဥယျာဉ်သို့ မည်သူတွေ ရောက်ရှိလာခဲ့ကြသနည်း။
ယုဒရှကာရုတ်သည် ယေရှုကို ဖမ်းဆီးရန် စစ်သားများစွာများနှင့်အတူ ရောက်ရှိလာခဲ့သည်။
(မဿ ၂၆း၄၅–၅၀)

*ရွှေကျမ်းချက်။ ။“ဤခွက်ကား၊ ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍၊လူများအဘို့အလို့ငှါ သွန်းလောင်းသောငါ၏အသွေးဖြစ်၏။” (မာကု ၁၄း ၂၄)*



## သင်ခန်းစာ (၁၈)
# ယေရှု ကားတိုင်ပေါ်တွင် အသတ်ခံခြင်း
*မဿဲ ၂၇၊ နှင့် လုကာ ၂၃*

၁။ ယေရှုသည် မည်ကဲ့သို့အသေခံခဲ့ရသနည်း။
ယေရှုသည် ကားတိုင်ပေါ်တွင် ဓါးမြနှစ်ယောက်ကြားမှာ ရိုက်သတ်ခြင်းခံခဲ့သည်။ (မဿဲ ၂၇း၃၈)

၂။ ကားတိုင်ပေါ်တွင် ယေရှုပြောဆိုခဲ့သော ပထမဦးဆုံးသောစကားသည် အဘယ်နည်း။
“အိုအဘ၊ သူတို့သည် ကိုယ်ပြုသောအမှုကိုမသိကြသောကြောင့် သူတို့၏အပြစ်ကိုလွှတ်တော်မူပါ” ဖြစ်သည်။ (လုကာ ၂၃း၃၄(က))

၃။ ဓါးမြတစ်ယောက်သည် ယေရှုထံမည်သည့်အရာကို တောင်းလျှောက်ခဲ့သနည်း။
“သခင်၊ ကိုယ်တော်သည် နိုင်ငံတော်တည်လျက်ကြွလာသောအခါ အကျွန်ုပ်ကို အောက်မေ့တော်မူပါ”ဟု ယေရှုကို လျှောက်ဆိုသည်။ (လုကာ ၂၃း၄၂)

၄။ ယေရှုသည် ထိုဓါးမြအပေါ် မည်သို့တုန့်ပြန်ခဲ့သနည်း။
“ယနေ့တွင်သင်သည်ငါနှင့်အတူပရဒိသုဘုံ၌ရှိလိမ့်မည်”ဟု ယေရှုက တုန့်ပြန်ခဲ့သည်။(လုကာ ၂၃း၄၃(ခ))

၅။ မွန်းတည့်ချိန်တွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
မြေတပြင်လုံး၌မှောင်မိုက်အတိဖြစ်၍ ၎င်းကို မြင်တွေ့သောသူများသည် တုန်လှုပ်ချောက်ချားခဲ့ကြသည်။ (မဿဲ ၂၇း၄၅၊ ၅၄၊ လုကာ ၂၃း၄၄)

၆။ မှောင်မိုက်အတိအပြီးမှာ ယေရှုသည် မည်သည့်အရာကို ကြွေးကြော်ခဲ့သနည်း။
“အကျွန်ုပ်ဘုရား၊အကျွန်ုပ်ဘုရား၊အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း” ဟု ကြွေးကြော်ခဲ့သည်။ (မဿဲ ၂၇း၄၆ (ခ))

၇။ ယေရှုသေသောအချိန်တွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ဗိမာန်တော်၏ကုလားကာသည်နှစ်ခြမ်းကွဲ၍ မြေတပြင်လုံးလှုပ်ကာ သင်္ချိုင်းတွင်းများပွင့်လစ်သွားခဲ့သည်။ (မဿဲ ၂၇း၅၁–၅၂)

၈။ မည်သူသည် ယေရှု၏အလောင်းတော်ကို သင်္ဂြိုဟ်ခဲ့သနည်း။
အရိမသဲမြို့သား ယောသပ်နှင့် နိကောဒင်တို့သည် ယေရှု၏အလောင်းတော်ကိုချ၍ပိတ်ချောနှင့် ပတ်ရစ်ပြီးလျှင် အသစ်သောကျောက်သင်္ချိုင်းတွင်း၌ထားခဲ့သည်။(လုကာ ၂၃း၅၀–၅၃၊ ယောဟန် ၁၉း၃၈–၄၂)

၉။ သခင်ယေရှုသည် အဘယ်ကြောင့်ကားတိုင်ပေါ်တွင်အသေခံခဲ့ရမည်နည်း။
ကားတိုင်တော်ပေါ်တွင်အသေခံခြင်းသည် ကျိန်ခြင်းခံသောသူများဖြစ်သောကြောင့်ဖြစ်သည်။ (ဂလာ ၃း၁၃)

၁၀။ သခင်ယေရှုသည် အဘယ်ကြောင့်ကျိန်ခြင်းခံသောသူကဲ့သို့အသေခံခဲ့ရသနည်း။
သူသည် ကျွန်ုပ်တို့၏အပြစ်အတွက် ဘုရားသခင်၏အမျက်တော်ကို ယူဆောင်ခဲ့သောကြောင့် ဖြစ်သည်။ (ဂလာ ၃း၁၃၊ ၁ပေ၊ ၂း၂၄၊ နှင့် ၁သက် ၅း၉–၁၀)

*ရွှေကျမ်းချက်။ ။“ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့်၊နာကျင်စွာထိုးခြင်း၊နှိပ်စက်ခြင်းကို ခံရလေ၏။” (ဟေရှာ ၅၃း၄(က))*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၁၉)

# ယေရှု သေခြင်းမှရှင်ပြန်ထမြောက်ခြင်း

*မဿဲ၂၇ – ၂၈၊ နှင့် လုကာ ၂၄ နှင့် ယောဟန် ၂၀*

၁။ ယေရှုကို မည်သည့်နေရာတွင် သင်္ဂြိုဟ်ခဲ့သနည်း။
အရိမသဲမြို့သား ယောသပ်ပိုင်သော ဂူသစ်၌ သူ့ကိုသင်္ဂြိုဟ်ခဲ့သည်။(မဿဲ ၂၇း၅၇–၆၀)

၂။ ယုဒလူများသည် သင်္ချိုင်းဂူကို မည်သို့စောင့်ထိန်းရန် ကြိုးပမ်းခဲ့ကြသနည်း။
သူတို့သည် ပိလတ်မင်းထံ လူစောင့်တပ်စုထားရန် တောင်းဆိုခဲ့ကြသည်။(မဿဲ ၂၇း၆၂–၆၆)

၃။ ပဌမနေ့ရက် မိုဃ်းလင်းအံ့ဆဲဆဲတွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ယေရှုသည်သေခြင်းမှရှင်ပြန်ထမြောက်ခဲ့သည်။(မဿဲ ၂၈း၁–၆၊လုကာ ၂၄း၁–၆၊ ယောဟန် ၂၀း၁၊၁၁–၁၆)

၄။ သခင်ယေရှုသည် ရှင်ပြန်ထမြောက်ခဲ့ကြောင်း မည်သို့ထင်ရှားစေခဲ့သနည်း။
ကောင်းကင်တမန်တစ်ပါးသည် ကောင်းကင်မှဆင်းလာ၍ တွင်းဝ၌ပိတ်ထားသော ကျောက်ကို လှိမ့်လှန်ခဲ့သည်။ ( မဿဲ ၂၈း၂)

၅။ သင်္ချိုင်းဂူသို့လာသော မိန်းမများထံကောင်းကင်တမန်သည် မည်သည့်အရာကိုပြောပြခဲ့သနည်း။
“ဤအရပ်၌မရှိ။မိန့်တော်မူသည်အတိုင်းထမြောက်တော်မူပြီ။ ထကြ၊ သခင်လျောင်းတော်မူရာ အရပ်ကိုကြည့်ကြလော့” ဟုပြောခဲ့သည်။ (မဿဲ ၂၈း၆)

၆။ မိန်းမများသည် ယေရှုလျောင်းတော်မူသောနေရာကိုကြည့်ကြသောအခါ မည်သည့်အရာကိုမြင်တွေ့ခဲ့ကြသနည်း။
ပိတ်ပုဆိုးကိုသာကျန်ခဲ့၍ယေရှုထမြောက်တော်မူပြီဖြစ်ကြောင်းကို သူတို့က မြင်တွေ့ခဲ့ကြသည်။ (ယောဟန်၂၀း၄–၇)

၇။ မည်သူသည် သေခြင်းမှရှင်ပြန်ထမြောက်သောကယ်တင်ရှင်ကို ပထမဦးဆုံးမြင်တွေ့ခဲ့သနည်း။
သင်္ချိုင်းနားမှာငိုကြွေးနေသော မာဂဒလမာရိဖြစ်သည်။(ယောဟန် ၂၀း၁၁–၁၆)

၈။ ထိုနေ့တွင် ယေရှုသည် တပည့်တော်များထံသို့ကိုယ်ထင်ခဲ့ပါသလား။
ညအချိန်တွင် တပည့်တော်များသည် တံခါးများပိတ်လျက်နေကြသောအခါ ယေရှုသည် သူတို့ အလယ်တွင် ထင်ရှားခဲ့သည်။(ယောဟန် ၂၀း၁၉)

၉။ ယေရှုသည် ပဌမနေ့တွင် ရှင်ပြန်ထမြောက်ခြင်းသည် အဘယ်ကြောင့် အရေးကြီးသနည်း။
ကျွန်ုပ်တို့သည် သူ၏ထမြောက်ခြင်းကို အောက်မေ့ဖို့ရန်အတွက် ယေရှုကဥပုသ်နေ့ ကိုနေနေ့မှ တနင်္ဂနွေနေ့သို့ပြောင်းလဲပေးခဲ့သည်။ (ဗျာဒိတ်၁း၁၀၊တမန်၂၀း၇၊ ၁ကော၁၆း၁–၂)

၁၀။ သခင်ယေရှုထမြောက်ခြင်းက ကျွန်ုပ်တို့အား မည်သည့်အရာကို ကတိပေးခဲ့သနည်း။
သခင်ယေရှုသည် ခန္ဓာနှင့်ဝိညာဉ်နှစ်ပါးစလုံးကို ထမြောက်စေမည်ဖြစ်သည်။ (၁ကော ၁၅း၂၀–၂၂၊ ဖိလိပ္ပိ၊ ၃း၈–၁၁၊ ၁ပေ၊ ၁း၃–၅၊ ၃း၂၁–၂၂)

*ရွှေကျမ်းချက်။ ။“ယခုမူကား၊ ခရစ်တော်သည် သေခြင်းမှထမြောက်တော်မူ၍ အိပ်ပျော်သောသူတို့ တွင် အဦးသီးသောအသီးဖြစ်တော်မူပြီ။” (၁ကော ၁၅း၂၀)*



## သင်ခန်းစာ (၂၀)

# သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းတော်မူခြင်း

*တမန် ၁ – ၂*

၁။ သခင်ယေရှုသည် ကောင်းကင်သို့ မည်သည့်အချိန်တွင် ချီဆောင်ခြင်းခံခဲ့ရသနည်း။
ယေရှုသည် သေခြင်းမှထမြောက်ပြီးအရက်လေးဆယ်ကြာသောအခါ ကောင်းကင်သို့ ချီဆောင်ခြင်းခံခဲ့ရသည်။ (တမန် ၁း၂–၃၊ ၉–၁၁)

၂။ ယေရှုသည် ကောင်းကင်သို့ချီဆောင်ခြင်းမခံမီ တပည့်တော်များအားမည်သည့်အရာကို မိန့်မှာခဲ့သနည်း။
ယေရှုက သူတို့အား ယေရုရှလင်မြို့တွင် သန့်ရှင်းသောဝိညာဉ်တော်ကို ဆိုင်းငံ့နေရန် မိန့်မှာခဲ့သည်။ (တမန် ၁း၄–၅)

၃။ သခင်ယေရှုသည် ကောင်းကင်၌မည်သည့်အရာကို ယခုလုပ်ဆောင်ပေးသနည်း
သူသည် ကောင်းကင်နှင့်မြေကြီးပေါ်တွင် ရှိသမျှသောအရာအားလုံးကို အုပ်ချုပ်နေသည်။ (ဧဖက် ၁း၂၀–၂၃၊ ဟေဗြဲ ၁း၁–၂)

၄။ သခင်ယေရှုသည် ကောင်းကင်၌အခြားမည်သည့်အရာကို လုပ်ဆောင်သနည်း။
သူသည် ခမည်းတော်ထံသို့ ကျွန်ုပ်တို့အတွက် ဆုတောင်းပေးနေသည်။( ရောမ ၈း၃၄၊ ဟေဗြဲ ၉း၁၂၊ ၂၄)

၅။ ခမည်းတော်သည် သခင်ယေရှု၏ဆုတောင်းသံကို မည်ကဲ့သို့အဖြေပေးခဲ့သနည်း။
ခမည်းတော်သည် ကျွန်ုပ်တို့လိုအပ်သော ကောင်းချီးမင်္ဂလာအားလုံးကို ယေရှုအားဖြင့် ပေးအပ်ခဲ့သည်။ (ဧဖက် ၄း၇–၈)

၆။ ကျွန်ုပ်တို့အပေါ်သခင်ယေရှုပေးအပ်သော ပထမကောင်းချီးမင်္ဂလာသည် အဘယ်အရာဖြစ်သနည်း။
ပင်တေကုတ္တေနေ့၌သန့်ရှင်းသောဝိညာဉ်တော်ကိုသွန်းလောင်းပေးခြင်းဖြစ်သည်။ (တမန် ၂း၁၊ ၄)

၇။ သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်း၏နိမိတ်လက္ခဏာသည် မည်သည့်အရာဖြစ်သနည်း။
လေပြင်းမုန်းတိုင်းကဲ့သို့အသံသည် ထိုနေရာတွင် ဖြစ်ပေါ်ခဲ့သည်။ (တမန် ၂း၂)

၈။ အခြားမည်သည့်နိမိတ်လက္ခဏာဖြစ်ပေါ်ခဲ့သနည်း။
အပေါ်ခန်းတွင် လူအယောက် ၁၂၀စုရုံးသောသူများအပေါ်သို့မီးလျှံကဲ့သို့လျှာကွဲပြားမှုဖြစ်ပေါ်ခဲ့သည်။ (တမန် ၂း၃)

၉။ ထိုအယောက် ၁၂၀ အပေါ်မည်သည့်ထူးခြားသောတန်ခိုးကို ဖြစ်ပေါ်ခဲ့သနည်း။
သူတို့သည် အမျိုးမျိုးသောဘာသာစကားပြောနိုင်သောအခွင့်ရရှိခဲ့ကြသည်။(တမန် ၂း၄–၁၂)

၁၀။ ထိုအမျိုးမျိုးသောဘာသာစကားပြောခြင်းသည် မည်သည့်နိမိတ်လက္ခဏာကို ထင်ရှားစေခဲ့သနည်း။
ဘုရားသခင်သည် မိမိလူများကို ကမ္ဘာပေါ်တွင်ရှိသောလူမျိုးအားလုံးမှ ပြန်လည်စုစည်းမည့်နိမိတ် လက္ခဏာကို ထင်ရှားစေခဲ့သည်။ (တမန် ၂း၁၄–၂၁၊ ၃၉)

*ရွှေကျမ်းချက်။ ။“သင်တို့နှင့်ခွါ၍ကောင်းကင်သို့ဆောင်ယူခြင်းကို ခံတော်မူသောထိုယေရှုသည် သင်တို့ မျက်မှောက်၌ ကောင်းကင်သို့ကြွသွားတော်မူသည်နည်းတူတဖန်ကြွလာတော်မူလ တံ့။” (တမန် ၁း၁၁ (ခ))*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၂၁)
# ပေတရုသည် ခြေမသန်စွမ်းသူကို ကျန်းမာစေခြင်း
*တမန် ၃ – ၄*

၁။ ပင်တေကုတ္တေနေ့အပြီးပေတရုနှင့်ယောဟန်တို့သည် မည်သည့်နေရာသို့သွားရောက်ခဲ့ကြသနည်း။
သူတို့သည် ဗိမာန်တော်သို့ဆုတောင်းရန် သွားခဲ့ကြသည်။(တမန် ၃း၁)
၂။ ပေတရုနှင့်ယောဟန်တို့သည် တံခါးဝတွင် မည်သူ့ကို တွေ့ရှိခဲ့ကြသနည်း။
သူတို့သည် နှစ်ပေါင်း ၄၀ ခြေမသန်စွမ်းသော၊ တောင်းစားသောသူကိုတွေ့ရှိခဲ့ကြသည်။(တမန်၃း၂–၅၊ ၄း၂၂)
၃။ ပေတရုသည် ထိုသူအပေါ်မည်သည့်အရာကို မိန့်ဆိုခဲ့သနည်း။
ထ၍လှမ်းသွားရန် ပေတရုက မိန့်ဆိုခဲ့သည်။ (တမန် ၃း၆–၇)
၄။ ပေတရုသည် ထိုအမှုကိုပြုရာတွင် မည်သူ၏အမည်နာမကို အသုံးပြုခဲ့သနည်း။
သေခြင်းမှထမြောက်ခဲ့သော သခင်ယေရှု၏အမည်နာမကို အသုံးပြုခဲ့သည်။ (တမန် ၃း၆)
၅။ ယေရှုသည် ကျန်းမာခြင်းပေးနိုင်ကြောင်း ခြေမသန်စွမ်းသောသူက ယုံကြည်ခဲ့သလား။
ယုံကြည်ခဲ့သည်။ ဘုရားသခင်က သူ့အား ယေရှုကိုယုံကြည်နိုင်ရန် ယုံကြည်ခြင်းပေးခဲ့သည်။ (တမန် ၃း၈–၉)
၆။ ခြေမသန်စွမ်းသူသည် ကျန်းမာခြင်းအခွင့်ရရှိခဲ့သလား။
ကျန်းမာခြင်းအခွင့်ရရှိခဲ့သည်။ သူသည် ခုန်လျက်ဘုရားသခင်ကိုချီးမွမ်းခဲ့သည်။(တမန် ၃း၈)
၇။ ဤနိမိတ်လက္ခာ၏အကျိုးတက်ရောက်မှုသည် မည်သည့်အရာဖြစ်သနည်း။
လူများစွာတို့သည် စုရုံးလျက်ပေတရုဟောပြောသော ယေရှုအကြောင်းကို နားထောင်ခဲ့ကြသည်။ (တမန် ၃း၁၁–၁၂)
၈။ ယုဒခေါင်းဆောင်များသည် ထိုအမှုကြောင့် အမျက်ဒေါသထွက်ခဲ့ကြသလား
သူတို့သည် အလွန်ဒေါသထွက်ခဲ့ကြသောကြောင့် ပေတရုနှင့်ယောဟန်တို့ကို ထောင်ထဲ၌လှောင်ထားခဲ့ကြသည်။ (တမန် ၄း၁–၃)
၉။ နောက်တနေ့တွင်ယုဒခေါင်းဆောင်များက ပေတရုနှင့်ယောဟန်တို့ကိုမည်သည့်အရာကို မလုပ်ဆောင်ရန် တားမြစ်ခဲ့ကြသနည်း။
သူတို့သည် ယေရှု၏နာမတော်အကြောင်းကို နောက်တဖန်မဟောရန် တားမြစ်ခဲ့ကြသည်။(တမန် ၄း၅–၆၊၁၈)
၁၀။ ပေတရုက မည်သို့တုန့်ပြန်ခဲ့သနည်း။
‘‘ငါတို့သည် ကြားလျက်မြင်လျက်ရှိသောအရာတို့ကိုမဟောမပြောဘဲမနေနိုင်’’ဟုတုန့်ပြန်ခဲ့သည်။ (တမန် ၄း၂၀)

*ရွှေကျမ်းချက်။ ။‘‘ဘုရားသခင်၏စကားတော်ကို နားထောင်သည်ထက်သင်တို့၏စကားကိုသာ၍ နားထောင်သော် ဘုရားသခင်ရှေ့မှာကောင်းမည် မကောင်းမည်ကို ဆင်ခြင်၍စီရင်ကြလော။’’ (တမန် ၄း၁၉)*



## သင်ခန်းစာ (၂၂)
# ပေတရုသည် ကော်နေလိအိမ်တွင် တရားတော်ဝေငှခြင်း
*တမန် ၉ – ၁၀*

၁။ ပေတရုသည် အဘယ်ကြောင့် ရှမာရိမြို့သို့သွားရောက်ခဲ့သနည်း။
ပေတရုသည် ထိုနေရာတွင်ရှိသော ယုံကြည်သူများကို ခွန်အားပေးဖို့ရန် ရှမာရိမြို့သို့သွား ရောက်ခြင်းဖြစ်သည်။(တမန် ၉း၃၂)
၂။ သခင်ယေရှုသည် သူ၏တန်ခိုးတော်ကို ပေတရုအားဖြင့် မည်သို့ထင်ရှားစေခဲ့သနည်း။
ပေတရုသည် ရှစ်နှစ်ပတ်လုံးဖျားနေသောအဲနေကို ကျန်းမာစေခဲ့သည်။(တမန် ၉း၃၃–၃၄)
၃။ ယပ္ပေမြို့တွင် ပေတရုသည် မည်သည့်ကြီးမားသောနိမိတ်လက္ခဏာကို ပြုခဲ့သနည်း။
ပေတရုသည် ဒေါ်ကာကို သေခြင်းမှထမြောက်စေခဲ့သည်။ (တမန် ၉း၃၇–၄၁)
၄။ ပေတရုသည်ယုပ္ပေမြို့၌ မည်သည့်ရူပါရုံကို မြင်တွေ့ခဲ့သနည်း။
သူသည် ယုဒလူမျိုးများမစားအပ်သော တိရစ္ဆာန်များနှင့်ငှက်များကို သူ၏ရူပါရုံတွင် မြင်ခဲ့သည်။ (တမန် ၁၀း၉–၁၃)
၅။ ဘုရားသခင်ကပေတရုအားယူ၍စားရန် ပြောသောအခါ သူကမည်သို့တုန့်ပြန်ခဲ့သနည်း။
သူသည် မသန့်ရှင်းသောအရာနှင့် ဤကဲ့သို့သောအစားအစာမျိုးမစားဖူးပေ ဟုတုန့်ပြန်ခဲ့သည်။ (တမန် ၁၀း၁၄)
၆။ ဘုရားသခင်က ပေတရုအားမည်သည့်အရာကို ပြောပြခဲ့သနည်း။
ဘုရားသခင်က ‘‘ဘုရားသခင်စင်ကြယ်စေတော်မူသောအရာကို ညစ်ညူးသည်မထင်နှင့်’’ ဟုပေတရုအားပြောခဲ့သည်။ (တမန် ၁၀း၁၅)
၇။ ဘုရားသခင်သည် ပေတရုအား ဤရူပါရုံကို အဘယ်ကြောင့်ဖွင့်ပြခဲ့သနည်း။
ဘုရားသခင်က ပေတရုအား တပါးအမျိုးသားများထံ သတင်းကောင်းဝေမျှရန် အလိုတော်ရှိသောကြောင့်ဖြစ်သည်။ (တမန် ၁၀း၃၄–၃၅၊ ၁၅း၇–၉)
၈။ ပေတရုသည် ထိုရူပါရုံ၏အနက်အဓိပ္ပါယ်ကို မည်သို့သိမြင်နိုင်ခဲ့သနည်း။
ကော်နေလိအိမ်မှလာသောတပါးအမျိုးသားများက ပေတရုအား လာ၍နှုတ်ကပတ်တော်ဝေမျှရန်တောင်းဆိုခဲ့ကြခြင်းအားဖြင့် သိမြင်နိုင်ခဲ့သည်။ (တမန် ၁၀း၁၉–၂၂)
၉။ ပေတရုသည် သွားခဲ့သလား။
သူသည် သွား၍သခင်ယေရှုအကြောင်းကို ကော်နေလိနှင့်သူ၏သူငယ်ချင်းများ၊ အိမ်သူအိမ်သားများအပေါ် ဝေငှခဲ့သည်။(တမန် ၁၀း၂၃–၃၆)
၁၀။ ပေတရုသည် တရားဟောနေစဉ် မည်သည့်အရာ ဖြစ်ပျက်ခဲ့သနည်း။
သန့်ရှင်းသောဝိညာဉ်တော်သည် ထိုတပါးအမျိုးသားများအပေါ်သက်ရောက်၍သူတို့သည် အမျိုးမျိုးသောဘာသာစကားကိုပြောကာ ဘုရားသခင်ကိုချီးမွမ်းခဲ့ကြသည်။(တမန် ၁၀း၄၄း၄၆(က))

*ရွှေကျမ်းချက်။ ။‘‘မြေကြီးစွန်းရှိသမျှတို့သည် သတိရ၍ထာဝရဘုရားထံတော်သို့ပြောင်းလဲကြလိမ့်မည်။’’ (ဆာလံ ၂၂း၂၇(က))*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၂၃)
## ပေါလု၏ပထမဦးဆုံး သာသနာခရီးစဉ်
*တမန် ၉ နှင့် ၁၃ – ၁၄*

၁။ သတေဖန်ကိုကျောက်ဖြင့်ပစ်သတ်သည့်အချိန်တွင်မည်သူသည်အနားမှာ မတ်သတ်ရပ်ကြည့်ခဲ့သနည်း။
သတေဖန်သတ်ရန်သဘောတူခဲ့သော တာရှုမြို့သား ရှောလုဖြစ်သည်။ (တမန် ၇း၅၇–၈း၁)

၂။ ရှောလုသည် အဘယ်ကြောင့် ဒမာသက်မြို့သွားသောလမ်းသို့လိုက်သွားခဲ့ရသနည်း။
သူသည် ခရစ်ယာန်များကို ဖမ်းဆီးရန်နှင့်ယေရုရှလင်မြို့သို့ခေါ်ဆောင်ရန်ဒမာသက်မြို့သွားသောလမ်းသို့လိုက်သွားခြင်းဖြစ်သည်။(တမန် ၉း၁–၂)

၃။ မည်သူသည် လမ်းခရီးတွင် ရှောလုထံသို့ ပေါ်လွင်ထင်ရှားခဲ့သနည်း။
သခင်ယေရှုကိုယ်တိုင် ထင်ရှား၍ သူ့အား "ရှောလု၊ ရှောလု၊ အဘယ်ကြောင့်ငါ့ကို ညှဉ်းဆဲသနည်း" ဟု ပြောခဲ့သည်။ (တမန် ၉း၄)

၄။ သခင်ယေရှုက ရှောလုအား မည်သည့်အရာကို လုပ်ဆောင်ရန် စေခိုင်းခဲ့သနည်း။
တပါးအမျိုးသားများဆီသို့သွား၍ သတင်းကောင်းကို ဝေငှရန် စေခိုင်းခဲ့သည်။(တမန် ၉း၁၅)

၅။ ရှောလု၏ပထမဦးဆုံးသာသနာခရီးစဉ်တွင် မည်သူနှင့်အတူ သွားခဲ့သနည်း။
ရှောလုသည် ဗာနဗနှင့်ယောဟန်တို့ကို ခေါ်သွားခဲ့သည်။(တမန် ၁၃း၁–၅)

၆။ ရှောလု၏နာမည်ကို မည်သည့်နာမည်ဖြင့် ပြောင်းပေးခဲ့သနည်း။
ပေါလုဟူသောနာမည်ဖြင့် ပြောင်းပေးခဲ့သည်။ (တမန် ၁၃း၉)

၇။ ကုပရုကျွန်း၌ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
မြို့ဝန်နှင့်အခြားသောလူများစွာတို့သည် ကယ်တင်ခြင်းကိုရရှိခဲ့ကြသည်။(တမန် ၁၃း၄–၁၂)

၈။ ပိသိဒိပြည်အန္တိအုတ်မြို့တွင်ပေါလု၏တရားဟောခြင်းဖြင့် မည်သည့်အကျိုးတက်ရောက်မှုရှိခဲ့သနည်း။
တပါးအမျိုးသားများစွာတို့ကသခင်ယေရှုခရစ်တော်ကိုယုံကြည်လက်ခံခဲ့ကြသည်။(တမန် ၁၃း၄၈)

၉။ ပိသိဒိပြည်အန္တိအုတ်မြို့တွင် ယုဒလူများက ပေါလုကို မနာလိုကြောင်းမည်သို့ထင်ရှားစေခဲ့ကြသနည်း။
သူတို့သည် ပေါလုနှင့်ဗာနဗကို မြို့ထဲမှနှင်ထုတ်ခဲ့ကြသည်။ (တမန် ၁၃း၅၀)

၁၀။ ဆိုးရွားသောလုတ္တရမြို့သူမြို့သားများက ပေါလုနှင့်ဗာနဗအပေါ်မည်သည့်အရာပြုခဲ့ကြသနည်း။
ပထမသူတို့ကိုသူတို့၏ဘုရားများကဲ့သို့ ကိုးကွယ်လိုခဲ့ကြသည်။ သို့သော်နောက်ပိုင်းတွင် သူတို့က ပေါလုကို ကျောက်ဖြင့်ပစ်၍သေခဲ့သည်ဟု ထားခဲ့ကြသည်။ (တမန် ၁၄း၁၁–၁၅၊ ၁၉)

*ရွှေကျမ်းချက်။ ။"သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အားဧဝံဂေလိတရားကို ဟောကြလော့။" (မာကု ၁၆း၁၅)*

## သင်ခန်းစာ (၂၄)
## ပေါလု၏ဒုတိယအကြိမ်သာသနာခရီးစဉ်
*တမန် ၁၆ –၁၈*

၁။ ပေါလုနှင့် သိလတို့သည် ဒုတိယအကြိမ်သာသနာခရီးစဉ်တွင် မည်သည့်နေရာသို့သွားခဲ့ကြသနည်း။
သူတို့သည်အာရှမိုင်နာ၌ရှိသောအသင်းတော်များသို့သွားရောက်ခဲ့ကြသည်။(တမန်၁၅း၄၀–၁၆း၂၆)

၂။ အာရှမိုင်နာတွင် ပေါလုဆီသို့ မည်သည့်ရူပါရုံရောက်ရှိလာခဲ့သနည်း။
ပေါလုသည် "မာကေဒေါနိပြည်သို့ကူးပါ။ ငါတို့ကို မစပါ"ဟုတောင်းပန်သော မာကေဒေါနိပြည်သားတစ်ယောက်ကို မြင်ခဲ့သည်။ (တမန် ၁၆း၉)

၃။ ထိုရူပါရုံ၏အနက်အဓိပ္ပါယ်သည်အဘယ်အရာဖြစ်သနည်း။
ဘုရားသခင်သည် မာကေဒေါနိပြည်တွင်သူရွေးချယ်သောလူများရှိကြောင်းကိုပြသည်။ (တမန် ၁၆း၁၀၊ ၁၂)

၄။ မာကေဒေါနိပြည်တွင် ပထမဆုံးကယ်တင်ခြင်းရရှိသူသည် မည်သူဖြစ်သနည်း။
သူမနှင့်သူမ၏အိမ်သူအိမ်သားအားလုံးနှစ်ခြင်းမင်္ဂလာခံယူသောလုဒိဖြစ်သည်။(တမန် ၁၆း၁၄–၁၅)

၅။ နတ်ဆိုးစွဲသော မိန်းမငယ်သည် ပေါလုနှင့်သိလတို့အကြောင်းကို မည်သို့ပြောခဲ့သနည်း။
"ဤသူတို့ကား၊ အကျွတ်တရားလမ်းကို ငါတို့အားဟောပြောပြသသောအမြင့်ဆုံးသောဘုရားသခင်၏ကျွန်ဖြစ်ကြ၏"ဟုပြောခဲ့သည်။ (တမန် ၁၆း၁၇)

၆။ ပေါလုသည် နတ်ဆိုးကို နှင်ထုတ်သောအခါ မည်သည့်အရာကိုဖြစ်ပျက်ခဲ့သနည်း။
ပေါလုနှင့်သိလတို့သည် ရိုက်၍ထောင်ထဲ၌သိုလှောင်ခြင်းကိုခံခဲ့ကြသည်။(တမန်၁၆း၁၉–၂၄)

၇။ ပေါလုနှင့်သိလတို့သည် အကျဉ်းထောင်တွင် ကြောက်ရွံ့စိတ်ရှိကြသလား။
မရှိခဲ့ကြပေ။ သူတို့သည် ညအချိန်တွင် ဘုရားသခင်ကို ချီးမွမ်း၍နေခဲ့ကြသည်။(တမန်၁၆း၂၅)

၈။ ထိုအကျဉ်းထောင်ထဲတွင် ဘုရားသခင်က မိမိတန်ခိုးတော်ကို မည်သို့ထင်ရှားစေခဲ့သနည်း။
မြေကြီးသည် ပြင်းစွာလှုပ်၍ ထောင်တံခါးများဖွင့်ကာ ချည်နှောင်ထားသောကြိုးတို့သည် ပေါလုနှင့်သိလတို့လက်မှ ကျွတ်ကျသွားခဲ့သည်။ (တမန် ၁၆း၂၆)

၉။ ထောင်မှူးသည် မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
သူက ပေါလုနှင့်သိလတို့အား "အကျွန်ုပ်သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှါ အဘယ်သို့ပြုရပါမည်နည်း" ဟုတောင်းဆိုခဲ့သည်။ (တမန် ၁၆း၃၀)

၁၀။ ပေါလုနှင့်သိလတို့သည် ထောင်မှူးအားမည်သို့တုန့်ပြန်ခဲ့သနည်း။
"ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့်သင်၏အိမ်သူအိမ်သားတို့သည်ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်" ဟုတုန့်ပြန်ခဲ့ကြသည်။ (တမန် ၁၆း၃၁)

*ရွှေကျမ်းချက်။ ။"အကြောင်းမူကား၊ ဂတိတော်သည် သင်တို့နှင့်၎င်း၊ ဝေးသောသူတို့တွင် ငါတို့၏ဘုရားသခင်ထာဝရဘုရားခေါ်တော်မူသမျှသောသူတို့နှင့်၎င်း ဆိုင်သည်ဟုဟော၏။"(တမန် ၂း၃၉)*



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၂၅)
## ပေါလု၏တတိယအကြိမ်သာသနာခရီးစဉ်

*တမန် ၁၉ – ၂၈*

၁။ ပေါလုသည် တတိယအကြိမ်သာသနာခရီးစဉ်တွင် မည်သည့်အရပ်သို့သွားရောက်ခဲ့သနည်း။
သူသည်နှစ်နှစ်တိတိကြိုးပမ်းလုပ်ဆောင်ခဲ့သောဖေက်မြို့သို့သွားရောက်ခဲ့သည်။(တမန် ၁၉း၁(က)၊၁၀)

၂။ လူများစွာတို့သည် ဘုရားသခင်ကို ယုံကြည်ကြောင်းမည်သို့သိရှိစေခဲ့သနည်း။
သူတို့သည်နတ်ဝဇ္ဇာအတတ်သုံးဆောင်သောစာအုပ်များမီရှို့ဖျက်ဆီးခဲ့ကြသည်။(တမန်၁၉း၁၈–၁၉)

၃။ ဖေက်မြို့တွင် မည်သူသည် ပေါလုကို ဆန့်ကျင်ခဲ့သနည်း။
အာတေမိနတ်သမီး၏ငွေဗိမာန်ငယ်တို့ကိုလုပ်သော ဒေမေတရိသည် ပေါလုကို ဆန့်ကျင်ခဲ့သည်။
(တမန် ၁၉း၂၃–၂၅)

၄။ ဒေမေတရိက အဘယ်ကြောင့် ပေါလုကိုဆန့်ကျင်ခဲ့သနည်း။
ပေါလု၏နှုတ်ကပတ်တော်ဟောပြောခြင်းသည် မိမိစီးပွါးရေးလုပ်ငန်းကို ထိခိုက်သွားမည်ဟု စိုးရိမ်သောကြောင့်ဖြစ်သည်။(တမန် ၁၉း၂၅–၂၇)

၅။ ဒေမေတရိသည် ပေါလုကို ဆန့်ကျင်ရန် လူတွေအားလှုံ့ဆော်သောအခါ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
တမြို့လုံးရုန်းရင်းခတ်ဖြစ်သောကြောင့် ပေါလုသည် ဖေက်မြို့မှ ထွက်ခွါသွားခဲ့ရသည်။ (တမန်၁၉း၂၈–၃၀၊ ၂၀း၁)

၆။ ပေါလုသည် ဖေက်မြို့မှ မည်သည့်အရပ် သို့သွားရောက်ခဲ့သနည်း။
သူသည် မာကေဒေါနိပြည်နှင့်ဟေလသပြည်သို့သွားရောက်ခဲ့သည်။ (တမန် ၂၀း၁–၂)

၇။ သန့်ရှင်းသောဝိညာဉ်တော်သည် ထိုခရီးစဉ်တွင် ပေါလုထံမည်သည့်အရာကို မိန့်မှာခဲ့သနည်း။
ပေါလုသည် ယေရုရှလင်မြို့တွင် အကျဉ်းချခြင်းခံရမည်ဟု မိန့်မှာခဲ့သည်။(တမန်၂၀း၂၂–၂၃)

၈။ ပေါလုကို အဘယ်ကြောင့် ယေရှုရှလင်မြို့၌ အကျဉ်းချခြင်းခံခဲ့ရသနည်း။
ယေရုရှလင်မြို့တွင် ရှိသောဆိုးသွမ်းသောလူများက သူ့အား မောရှေ၏ပညတ်တော်ချိုးဖောက်ခဲ့သည်ဟု မတရားစွပ်စွဲခဲ့ကြသောကြောင့်ဖြစ်သည်။(တမန်၂၁း၂၀–၂၁၊ ၂၈–၃၇)

၉။ ဘုရားသခင်က ပေါလုအား အကျဉ်းသားအဖြစ်မည်သည့်အရပ်သို့ခေါ်ဆောင်သွားခဲ့သနည်း။
ရောမမြို့သို့ သတင်းကောင်းဝေငှသက်သေခံရန် ခေါ်ဆောင်သွားခဲ့သည်။ (တမန်၂၃း၁၀–၁၁၊ ၂၈း၁၄–၁၆၊ ၂၃–၂၄၊ ၃၀–၃၁)

၁၀။ ပေါလု၏နှုတ်ကပတ်တော်ဝေငှခြင်းအားဖြင့် မည်သည့်အကျိုးဖြစ်ထွန်းခဲ့သနည်း။
သတင်းကောင်းသည် များစွာသောတိုင်းနိုင်ငံများသို့ပျံ့နှံ့သွားကာ လူများစွာတို့သည် သခင်ယေရှုခရစ်တော်ကို ယုံကြည်ခဲ့ကြသည်။(တမန်၂၈း၂၈၊ဖိလိပ္ပိ ၁း၆–၂၀၊ ၂တိ ၂း၉–၁၀၊ဖိလေ ၁၀ စသဖြင့်)

*ရွှေကျမ်းချက်။ ။“ကောင်းစွာသောတိုက်လှန်ခြင်းကိုငါပြုပြီ။ပြေးရသောလမ်းကိုအဆုံးတိုင်အောင်ပြေးပြီ။ ယုံကြည်ခြင်းတရားကိုစောင့်ရှောက်ပြီ။” (၂တိ ၄း၇)*



# Catechism Regime Guideline

1. **Toddler’s Class** (understanding to 5 years old)
   a. Toddler’s Catechism (52 Questions)
   b. My Bible Story Book by Dena Korfker (270 stories)
2. **Beginners I** (6/7 years old)
   a. Bible History Catechism – Beginners Book 1 of 3
   b. Bible History Catechism – Beginners Book 2 of 3
3. **Beginners II** (7/8 years old)
   a. Bible History Catechism – Beginners Book 3 of 3
   b. Catechism for Young Children – Intro to WSC
4. **Juniors I** (8/9 years old)
   a. Bible History Catechism – Juniors Book 1 of 2
   b. Bible History Catechism – Juniors Book 2 of 2
5. **Juniors II** (9/10 years old)
   Doctrine for Younger Children books A & B by James Beeke (20 lessons)
   Memory Verses / Character Building Supplement
6. **Seniors I** (10/11 years old)
   a. Bible History Catechism – Seniors Book 1 of 2
   b. Bible History Catechism – Seniors Book 2 of 2
7. **Seniors II** (11/12 years old)
   a. Westminster Shorter Catechism (107 Questions)
   b. Doctrinal Review
8. **Teens & Young Adults**
   Doctrine for Older Children books A & B by James Beeke (20 lessons)
   Westminster Confession of Faith

The above catechism class regime is for reference. It is adopted for use by Pilgrim Covenant Church since 1999. Parents and teachers may adjust the curriculum according to their needs.

Copyright © Gratia Dei Sola Media